# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့် ၊ ကြာသပတေးနေ့ ၊ (4-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၁၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

- **မဲပေးတယ်ဆိုတာ သင့်အနာဂတ်ကို သင်ကိုယ်တိုင် ဆုံးဖြတ်လိုက်တာပါ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၃**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ **စာမျက်နှာ ၁၆ ကော်လံ ၁**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံအတွက်အရည်အသွေးရှိသည့် ဝန်ထမ်းကောင်းများဖြစ်စေရေး

နိုင်ငံတော်သည် နိုင်ငံတော်အပေါ်သစ္စာရှိသော နိုင်ငံ့ဝန်ထမ်းကောင်းများမွေးထုတ်ပေးနိုင်ရေး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တို့ကိုဖွင့်လှစ်ကာ သင်တန်းများ ပို့ချပေးလျက်ရှိသည်။ သင်တန်းကျောင်းများအနေဖြင့် အရည်အသွေးမြင့်မားသည့် နိုင်ငံ့ဝန်ထမ်းကောင်းများပေါ်ထွက်စေရေး အချိန်၊ ငွေကြေး၊ အရင်းအနှီးများစွာ ကုန်ကျခံသင်ကြားလေ့ကျင့်ပေးခြင်းဖြစ်သည့်အတွက် သင်တန်းသား၊ သင်တန်းသူများအနေဖြင့်လည်း သင်တန်းမှသင်ကြားပေးသည်များကို တန်ဖိုးထား၍သင်ယူကြရမည်ဖြစ်သည်။

**"ယခု နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ရုံးလုပ်ငန်း စည်းမျဉ်းစည်းကမ်းများ၊ အုပ်ချုပ်မှုလုပ်ငန်းများ စနစ်တကျဖြစ်စေရေး အမှုထမ်းများ၊ အရာထမ်းများကို ဘာသာရပ်များအလိုက် သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့သင်ကြားပေးရာတွင်လည်း ထိရောက်သည့်သင်ကြားလေ့ကျင့်မှုများဖြစ်ရန်လိုကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဝန်ထမ်းများအားစိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့်ဝန်ထမ်းများ၊ နိုင်ငံကိုချစ်မြတ်နိုးသည့် စိတ်ရှိသည့် ဝန်ထမ်းကောင်းများဖြစ်အောင်လေ့ကျင့်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သင်ကြားပေးသည့်ဘာသာရပ်များ ထိရောက်အကျိုးရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သင်ရိုးညွှန်းတမ်းများသည် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများဖြစ်ရန်လိုကြောင်း"** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မှာကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူကိုအလုပ်အကျွေးပြုသူ၊ ပြည်သူကိုဝန်ဆောင်မှုပေးနေကြသူများဖြစ်ကြသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သည်နှင့် ထမ်းဆောင်ရမည့်တာဝန်များ၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ လိုက်နာရမည့်စည်းကမ်းများစွာရှိသည်။ အိမ်တစ်အိမ်တွင် အိမ်စည်းကမ်းကို မိသားစုဝင်များလိုက်နာရသကဲ့သို့ နိုင်ငံတော်နှင့်လုပ်ငန်းအဖွဲ့အစည်းတိုင်းတွင်လည်း ထိုအဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများလိုက်နာရန်အတွက် သင့်လျော်သည့်စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားသည်။ နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံရေးတွင်တူညီသည့်သဘောထားများဖြစ်စေရန်၊ ရုံးလုပ်ငန်းစဉ် စည်းမျဉ်းစည်းကမ်းများ စည်းစနစ်တကျဖြင့် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို ဆိုရှယ်လစ်ခေတ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေနှင့်ပတ်သက်ပြီး ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ဥပဒေကိုသိရှိနားလည်ကြရန် လိုအပ်ပေသည်။ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်းအားလုံး ဥပဒေကို သိရှိနားလည်ကြရန် လိုအပ်သဖြင့် အခြေခံပညာအဆင့်မှစတင်၍ ဥပဒေအသိပညာများကို သင်ကြားပေးလျက်ရှိသည်။ နိုင်ငံ့ဝန်ထမ်းများအားလုံးသည်လည်း အသက် ၁၈ ပြည့်ပြီးသူများဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်နေရန်လိုအပ်ပြီး သင်တန်းများဖွင့်လှစ်သင်ကြားရာတွင် ဥပဒေပညာရပ်များကို ထည့်သွင်းသင်ကြားပေးရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ ဝန်ထမ်းအားလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ်လျှောက်ထားခဲ့ပြီး ရွေးချယ်ခံခဲ့ရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများဖြစ်သည်။ ရွေးချယ်ခံဝန်ထမ်းများဖြစ်သဖြင့် အရည်အသွေးရှိသည့်ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝတိုးတက်ရေးသာမက နိုင်ငံတော်တိုးတက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ကျရာတာဝန်ကို ကျေပွန်စွာကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန် ၂၄ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

မဲစာရင်းများကို ၂၃-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာ ထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၇၀၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်း ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၇၀၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၇၉၁၇ ဧကစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၇၀၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ၇၉၁၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမြွေထိုးငါးပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဒီဇင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမြွေထိုးငါး ပိသာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငါးမြွေထိုးငါးများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ အောက်တိုဘာလအတွင်း ငါးမြွေထိုးငါးပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးမြွေထိုးငါးပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်က ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို လစဉ်တင်ပို့ရောင်းချနေပါတယ်။ နိုဝင်ဘာလ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးငါးတွေတင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ နိုဝင်ဘာလအတွင်း ငါးမြွေထိုးငါးပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ အခုလို ရန်ကုန်ဈေးကွက်က ငါးမြွေထိုးငါးတွေ ဝယ်ယူတာ များလာတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန်အဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးမြွေထိုးငါးတစ်ပိသာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ ငါးများကို ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၁၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် အင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အင်းရွာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အင်းရွာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၇ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၅ ဒသမ ၂၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါက်တာဦးအောင်စစ်ထွန်း-ဒေါ်ကြူကြူဆွေ၊ သား မောင်ကောင်းစစ်ခန့်ညားမိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၆၄၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၆၄၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၇၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၆၄၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မတ်ပဲဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးရာသီမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်နေတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုးကောင်းမြို့နယ် အင်းပေါင်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုးကောင်း ဒီဇင်ဘာ ၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းပေါင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ စီမံကိန်းတာဝန်ခံတို့က ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ အင်းပေါင်းကျေးရွာတွင် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများ ရေရှည်တည်တံ့စေရေး၊ ရန်ပုံငွေဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အင်းပေါင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေကျပ် ၅၁၈ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချစ်ဦးကို**

# ဖျာပုံမြို့နယ်တွင် ထောပတ်ပဲနီများ အရောင်းအဝယ်ကောင်းမွန်နေ

**ဖျာပုံ ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်ယူမှု အားကောင်းလာမှုကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဖျာပုံမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုပြုံးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင်ယခုနှစ်နိုဝင်ဘာလတတိယပတ်မှစတင်ပြီး ယနေ့တိုင် ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်ယူမှုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ထောပတ်ပဲနီ(အပြားကြီး) ငါးရက်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထိုသို့ ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်လိုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်တွင် အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီတွေ ဝယ်လိုအားကောင်းလာပါတယ်။ ပြည်တွင်းဈေးကွက်က ထောပတ်ပဲနီတွေ အဝယ်လိုက်နေပြီး အရောင်းသွက်လာတာဖြစ်ပါတယ်။ ပြည်ပပဲဈေးကွက်ကို ပြန်တင်ပို့နေလို့ အခုလို ဝယ်လိုအားကောင်းလာတာလို့ ရန်ကုန်ဘက်က ကုန်သည်တွေဆီကနေ သိရတယ်။ နိုဝင်ဘာတတိယပတ်လောက်ကနေစပြီး အဝယ်လိုက်လာတာပါ။ လက်ရှိထောပတ်ပဲနီတွေကို စိုက်ပျိုးသူတွေနဲ့ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံတွေမှာ အတော်ကို ရောင်းအားကောင်းနေတဲ့ အခြေအနေရှိနေပါတယ်။ ထောပတ်ပဲနီက လာမဲ့ပဲပေါ်မဲ့ရာသီထိ အရောင်းအဝယ်က ဆက်ကောင်းနေဖို့ပဲရှိပါတယ်"ဟု ဖျာပုံမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုပြုံးက ပြောပြသည်။

ဖျာပုံမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲနီ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါထောပတ်ပဲနီများဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# မိုင်းခိုင်းမင်းကြီးဦးယမ်၏ တိမ်မြုပ်နေသောကျမ်းများ(၂)

ဗိုလ်ရှိတ်(ရတနာပူရ)

**❖ မိုင်းခိုင်းမင်းကြီးဦးယမ်သည် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာများကို ကောက်နုတ်ရေးသားရာတွင် ပျို့ကြီး ၃၄ စောင်၊ မော်ကွန်းနှစ်စောင်၊ ရတုတစ်ပုဒ်တို့မှ ကောက်နုတ်ပြုစုခဲ့ခြင်းဖြစ်သည်။ မိုင်းခိုင်းမင်းကြီး ဦးယမ် ကိုးကားကောက်နုတ်ခဲ့သောပျို့များတွင် အချို့ပျို့များကို ယခုအခါ ရှာဖွေမတွေ့ရှိတော့ပေ။ မိုင်းခိုင်းမင်းကြီး၏ ကောက်နုတ်ကိုးကားချက်လောက်သာ ယခုအခါ တွေ့ရသည်။ ဥပမာအားဖြင့် ပြည်ဖွဲ့မြို့ဖွဲ့ လင်္ကာစုကျမ်း၌ လက်ဝဲသုန္ဒရအမတ်ကြီး ရေးသားခဲ့သော သောဏပျို့မှ ပြည်ဖွဲ့မြို့ဖွဲ့များကို ကောက်နုတ်ဖော်ပြထားသည်။ မိုင်းခိုင်းမင်းကြီးကောက်နုတ်ဖော်ပြခဲ့သော သောဏပျို့ကို ယခုအခါ ရှာဖွေ၍ မတွေ့ရတော့ပေ။ တိမ်မြုပ်ပျောက်ကွယ်နေဆဲဖြစ်သည်။ ❖**

**ဦးယမ်ပြုစုခဲ့သောကျမ်းများ**

မိုင်းခိုင်းမင်းကြီးဦးယမ်သည် ကျမ်းပေါင်းများစွာကို အချိန်ရလျှင်ရသလို ရေးသားပြုစုခဲ့သည်ကို တွေ့ရသည်။ မိုင်းခိုင်းမင်းကြီးဦးယမ်သည် ဂန္ထန္တရကျမ်းမျိုးစုံကို တတ်ကျွမ်းသည်။ လောကုတ္တရာကျမ်း၊ သာသနာတော်ကျမ်း၊ သဒ္ဒါကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ နိဃဏ္ဍုကျမ်း၊ အဘိဓာန်ကျမ်း၊ နီတိကျမ်း၊ ဝိဒဂ်ကျမ်း၊ ဆေးကျမ်း၊ လောကီကျမ်းမျိုးစုံ၊ မဟာဝင်၊ ရာဇဝင်၊ ကျောက်စာ၊ သံပိုင်း၊ သမိုင်း၊ စာတမ်း၊ ပျို့၊ လင်္ကာ၊ ချောင်း၊ ရတု၊ ရကန်၊ အဲ၊ အန်၊ မေတ္တာစာ စသည်ဖြင့်မျိုးစုံတတ်ကျွမ်းသည်။ ထို့ကြောင့် ကျမ်းမျိုးစုံပြုစုခဲ့သည်ကို တွေ့ရသည်။ မိုင်းခိုင်းမင်းကြီး ပြုစုခဲ့သောကျမ်းများကို စာရင်းချကြည့်လျှင် ဤသို့တွေ့ရသည်။

၁။ ဓမ္မပဒပါဠိတော်နိဿယ
၂။ သဂြိုဟ်နိဿယ
၃။ အနာဂတဝင်ကျမ်းပါဠိတော် စာကိုယ်ဋီကာနိဿယ
၄။ ဒါဌာဓာတုဝင်ကျမ်းပါဠိတော်စာကိုယ်၊ ဋီကာနိဿယ
၅။ သဒ္ဒါရှစ်စောင်နိဿယ
၆။ ရာဇသေဝဒီပနီကျမ်း၊
၇။ ဓမ္မသံဟိတဒီပနီဓမ္မသတ်ကျမ်း၊
၈။ ဒွါဒသရာသီဒီပနီကျမ်း၊
၉။ ကမ္မဘေဒ ဝိဘာဝနီကျမ်း
၁၀။ ပိဋကသုံးပုံစာတမ်း
၁၁။ ဆနဝုတိပါသဏ္ဍဝိသဇ္ဇနာကျမ်း
၁၂။ မေတ္တာဒက သေခနေဒီပနီကျမ်း၊
၁၃။ သုသန္ဒေသကထာကျမ်း၊
၁၄။ မခုရသ ဝါဟိနီကျမ်း၊
၁၅။ အတိဝိစိတြ သန္ဒေသ ကထာကျမ်း၊
၁၆။ မဟာရဋ္ဌသာရ ရုပ္ပတ္တိကထာကျမ်း၊
၁၇။ မိုင်းခိုင်းမင်းကြီးမှတ်စု၊
၁၈။ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစု
၁၉။ လောကီလောကုတ္တရာကျမ်းလာစစ်ဆင်နည်း၊
၂၀။ ရှင်ဥက္ကံသာမဏေကျောက်စာ၊
၂၁။ သေနာပတိဝိနိစ္ဆယ၊
၂၂။ ဓမ္မပဏ္ဏာကာရကထာမေတ္တာစာ၊
၂၃။ မိဝိုင်းနှင့် ရှင်ဝိလာသဖြတ်စာ
၂၄။ မုခမင်္ဂလာမဟာမေတ္တာစာကြီး၊
၂၅။ သုဂန္ဓကထာမေတ္တာစာ၊
၂၆။ အတိသုစုမတ္တ သန္ဒေသကထာ မေတ္တာစာ၊
၂၇။ ဒုတိယမဟာရာဇဝင်တော်ကြီးပြုစုရေးအဖွဲ့ဝင်၊
၂၈။ ရာဇဝင်ချုပ်

မှတ်တမ်းတွေ့ရသမျှ စာရင်းကောက်ကြည့်ရာ ဦးယမ်ပြုစုခဲ့သောကျမ်းပေါင်း ၂၈ ကျမ်းထိစာရင်းတွေ့ရသည်။ ဤစာရင်းတွင်ပါသောကျမ်းများလည်းရှိနိုင်သလို အသစ်တွေ့ကျမ်းများလည်းရှိလာနိုင်ပါသည်။ ယခုဖော်ပြခဲ့သောကျမ်း ၂၈ ကျမ်းထဲမှ မြန်မာစာပေဆိုင်ရာတိမ်မြုပ်နေသော ကျမ်းတချို့ကို ရွေးချယ်ဖော်ပြပါမည်။

**ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစု**

ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းသည် မင်းတုန်းမင်းကြီးလက်ထက် သက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် ရေးသားပြုစုခဲ့သောကျမ်းဖြစ်သည်။ ပြည်မြို့ဖွဲ့လင်္ကာစုကျမ်းကို ပြုစုရခြင်းမှာ မင်းတုန်းမင်းတရားကြီးက အမိန့်တော်ရှိသောကြောင့် ရေးသားဆက်သွင်းရခြင်းဖြစ်သည်။ မင်းတုန်းမင်းသည် အရပ်ရပ် ပျို့ကဗျာ၊ လင်္ကာ၊ ချောင်း၊ ရတု၊ မော်ကွန်းတို့တွင်ပါသည်။ ပြည်ဖွဲ့မြို့ဖွဲ့များကို ကောက်နုတ်ရေးသားဆက်သွင်းရန် မိုင်းခိုင်းမင်းကြီးကို စေခိုင်းခဲ့သည်။ ထိုစေခိုင်းချက်ကြောင့် ဦးယမ်သည် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းကို ရေးသားပြုစုခဲ့ရခြင်းဖြစ်သည်။ ထိုအကြောင်းကို မိုင်းခိုင်းမင်းကြီး ဦးယမ်က ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းနိဒါန်း၌

"ရတနာပူရအဝမြို့တွင် သက္ကရာဇ် ၈၀၄ ခုနှစ် နန်းတက်သော ထူပါရုံစေတီဒါယကာ နရပတိကြီး မင်းလက်ထက်မှစ၍ ရေးမင်းကေရာဇ်တို့လက်ထက် ရဟန်းပညာရှိ၊ လူပညာရှိတို့ စီကုံးရေးသားထားကြသည့် အရပ်ရပ်ပျို့ကဗျာလင်္ကာ၊ ချောင်း၊ မော်ကွန်း၊ ရတုစုက ပြည်ဖွဲ့မြို့ဖွဲ့နှင့် စပ်ဆိုင်သည်များကို ကောက်နုတ်ရေးသားဆက်သွင်းစေ။ သကြားလက်နက်မိုးကြိုးစက်ရှိန် ဝရဇိန်နှင့်တူသော ဘုရားအမိန့်တော်မြတ်ရှိသည်ကို ဦးထိပ်ထက်တင်ရွက်ရသည့်အတိုင်း" သက္ကရာဇ် ၁၂၂၆ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်နေ့ သံတော်ဆင့် မိုင်းခိုင်မြို့စားမင်း၊ ပိဋကတ်တော်အုပ်မင်း၊ မဟာသီရိဇေယျသူ ကောက်နုတ်ရေးသားဆက်သွင်းသည့် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုဘုရား"ဟူ၍ ရေးသားထားပါသည်။

**ကျမ်းအမည်**

မိုင်းခိုင်းမင်းကြီး ဦးယမ်ပြုစုသော ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းကို ပြည်ဘွဲ့မြို့ဘွဲ့လင်္ကာညွန့်ပေါင်းကျမ်း၊ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာ စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်ကြသည်။ မိုင်းခိုင်းမင်းကြီး ဦးယမ်ကိုယ်တိုင်ရေးသားခဲ့သော ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းနိဒါန်း၌ "သံတော်ဆင့် မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ်မင်း မဟာသီရိဇေယျသူ ကောက်နုတ်ရေးသားဆက်သွင်းသည့် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုများ"ဟူ၍ ရေးသားထားသည်။ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းနိဒါန်းအရ ကျမ်းအမည်မှာ "ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစု"ဟု အမည်မှန်ခေါ်သည်က ပို၍သင့်လျော်ပေသည်။ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းနိဂုံးတွင် တွေ့ရသည်မှာ "အရပ်ရပ်ပျို့၊ ကဗျာ၊ လင်္ကာ၊ ချောင်း၊ မော်ကွန်းစုက ကောက်နုတ်သည့် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာဘုရား၊ သံတော်ဆင့် မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ်မင်း မဟာသီရိဇေယျသူ ကောက်နုတ်ရေးသားဆက်သွင်းသည့် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာပြီး၏"ဟူ၍ တွေ့ရပါသည်။ နိဒါန်းနှင့်နိဂုံးတွင် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုနှင့် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာသာ ကွာပါသည်။ ထို့ကြောင့် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာညွန့်ပေါင်းကျမ်း ဟူသောအမည်ထက် ပြည်ဖွဲ့မြို့ဖွဲ့ လင်္ကာစုကျမ်းအမည်သည်သာ မိုင်းခိုင်းမင်းကြီး ဦးယမ် အလိုကျအမည်သာ ဖြစ်ပါသည်။

**ကျမ်းအတွင်းပါဝင်သည့်အကြောင်းအရာများ**

ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းဟူသော အမည်အတိုင်း ဤကျမ်းတွင် ပျို့၊ ကဗျာ၊ ရတု၊ လင်္ကာ၊ မော်ကွန်းတို့တွင်ပါဝင်ဖွဲ့ဆိုထားသော ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစာပိုဒ်များကို ကောက်နုတ်ပြုစုထားခြင်းဖြစ်သည်။ များသောအားဖြင့် ပျို့များမှ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာများကို အဓိကထုတ်နုတ်ထားခြင်းဖြစ်သည်။ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းတွင် စာဆို ၁၈ ဦး ရေးသားခဲ့သော စာပေများမှထုတ်နုတ်ထားခြင်းဖြစ်သည်။ စာဆို ၁၈ ဦးမှာ-

၁။ ရှင်မဟာရဋ္ဌသာရ
၂။ ရှင်မဟာသီလဝံသ
၃။ ရှင်တေဇောသာရ
၄။ ရှင်အုန်းညို
၅။ ရှင်အဂ္ဂသမာဓိ
၆။ ကန်တော်မင်းကျောင်းဆရာတော်
၇။ နဝဒေးကြီး
၈။ အမည်မသိစာဆိုတစ်ဦး
၉။ ဝန်ကြီးပဒေသရာဇာ
၁၀။ မောင်ရှင်ကရဝိက(ဒုတိယရှင်ကရဝိက)
၁၁။ တွင်းသင်းမင်းကြီးဦးထွန်းညို
၁၂။ လက်ဝဲသုန္ဒရ
၁၃။ အမည်မသိစာဆိုတစ်ဦး
၁၄။ သခ်ီသာရ
၁၅။ မနော်ဒေဝ
၁၆။ မဟာသီဟသူရ
၁၇။ ရွှေကျောင်းဦးပု
၁၈။ မင်းကြီးမဟာစည်သူ (စိန္တကျော်သူဦးရွှဲ)

တို့ဖြစ်သည်။

မိုင်းခိုင်းမင်းကြီးဦးယမ်သည် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာများကို ကောက်နုတ်ရေးသားရာတွင် ပျို့ကြီး ၃၄ စောင်၊ မော်ကွန်းနှစ်စောင်၊ ရတုတစ်ပုဒ်တို့မှ ကောက်နုတ်ပြုစုခဲ့ခြင်းဖြစ်သည်။ မိုင်းခိုင်းမင်းကြီး ဦးယမ် ကိုးကားကောက်နုတ်ခဲ့သော ပျို့များတွင် အချို့ပျို့များကို ယခုအခါ ရှာဖွေမတွေ့ရှိတော့ပေ။ မိုင်းခိုင်းမင်းကြီး၏ ကောက်နုတ်ကိုးကားချက်လောက်သာ ယခုအခါ တွေ့ရသည်။ ဥပမာအားဖြင့် ပြည်ဖွဲ့မြို့ဖွဲ့ လင်္ကာစုကျမ်း၌ လက်ဝဲသုန္ဒရအမတ်ကြီး ရေးသားခဲ့သော သောဏပျို့မှ ပြည်ဖွဲ့မြို့ဖွဲ့များကို ကောက်နုတ်ဖော်ပြထားသည်။ မိုင်းခိုင်းမင်းကြီး ကောက်နုတ်ဖော်ပြခဲ့သော သောဏပျို့ကို ယခုအခါ ရှာဖွေ၍မတွေ့ရတော့ပေ။ တိမ်မြုပ်ပျောက်ကွယ်နေဆဲဖြစ်သည်။ ထိုသို့ တိမ်မြုပ်ပျောက်ကွယ်ခဲ့သော ပျို့များကို မိုင်းခိုင်းမင်းကြီး၏ ကျေးဇူးကြောင့်သာ စာပိုဒ်တစ်ချို့ကို လေ့လာခွင့်ရကြခြင်းဖြစ်သည်။

မိုင်းခိုင်းမင်းကြီး ရေးသားပြုစုခဲ့သော ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းသည် စာပေသမိုင်းကိုလေ့လာရာတွင်လည်းကောင်း၊ စာဆိုအတ္ထုပ္ပတ္တိကိုလေ့လာရာတွင်လည်းကောင်း များစွာအထောက်အကူပြုသောကျမ်းဖြစ်သည်။ မိုင်းခိုင်းမင်းကြီးသည် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းကိုရေးရာတွင် ကောက်နုတ်ချက်နိဒါန်းများ၌ ပျို့စာဆို၊ ပျို့ရေးပြီးနှစ်၊ ပျို့အင်္ဂါအရေအတွက် စသည်တို့ကိုထည့်သွင်းရေးသားခဲ့သည်။ ထိုသို့ရေးသားထားမှုကြောင့် စာပေမှတ်တမ်းတွင် ရောထွေးနေသော၊ မှားယွင်းနေသောအချက်များကို ပြင်ဆင်ခွင့်ရခဲ့သည်။ သာဓကဆောင်ပြရလျှင် မိုင်းခိုင်းမင်းကြီးသည် မောင်ရှင်ကရဝိကရေးသော မင်းလှယဉ်နုပျို့က ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာများကို ကောက်နုတ်ရာတွင် ကောက်နုတ်ချက်နိဒါန်း၌ ဤသို့ရေးသားထားသည်။

"သက္ကရာဇ် ၁၁၀၀ ပြည့်နှစ် ဟံသာဝတီပါမင်းလက်ထက် ပုခန်းကြီးမြို့စီရင်စု ပိုက်သင်ရွာဇာတိ ပဥ္စမကျော်အောင်စံထားဆရာ ရှင်ဉာဏဝရတပည့် မောင်ရှင်ကရဝိက စီရင်သည့် ညွန့်ဖူးဝေဝေ၊ ကျွန်းသပြေ၏ ခေါင်ဖွေထွတ်ထိပ်၊ မဏ္ဍလိပ်တက်၊ တံဆိပ်သီရိ၊ မြတ်ဗောဓိဟု၊ မိုးထိလူအောင်၊ မြင့်ဖြူးဆောင်သား၊ အတောင်တရာ၊ ချင့်သချာနှင့်၊ ငါးဖြာရောင်ခြည်၊ အံ့ဖွယ်စည်သား၊ မြန်းပြည်တန်ဆောင်၊ မဏ္ဍိုင်ညောင်မှ၊ အစချီသည့် ရှိရေး၊ က-အစ ဂဲ အဆုံး ၂ဂံရှိသည့် မင်းလှယဉ်နုပျို့က ကောက်နုတ်သည့် ပြည်ဖွဲ့မြို့ဖွဲ့ လင်္ကာဘုရား"

အထက်ပါကောက်နုတ်ချက်အရ ညောင်ရမ်းခေတ်တွင် ရှင်ကရဝိကနှစ်ပါးပေါ်ခဲ့ကြောင်း ကွဲကွဲပြားပြားသိလာရပါသည်။ ညောင်ရမ်းခေတ်ဦးကာလတွင် သာလွန်မင်းတရားကြီး၏ နန်းတက်ရတုကို ရေးသားခဲ့သော ရှင်ကရဝိကတစ်ပါး ပေါ်ခဲ့သည်။ သာလွန်မင်းလက်ထက် ရှင်ကရဝိကနှင့် ဟံသာဝတီပါမင်းလက်ထက် ရှင်ကရဝိက နှစ်ပါးကို ရောထွေးခဲ့သည်။ မိုင်းခိုင်းမင်းကြီး ဦးယမ်၏ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစု ကောက်နုတ်ချက်နိဒါန်းအရ ဟံသာဝတီပါမင်းလက်ထက် ပဥ္စမကျော်အောင်စံထားဆရာတော်တပည့်မောင်ရှင်ကရဝိကဟု တိတိကျကျဆိုထားသောကြောင့် ရှင်ကရဝိကမှာ နှစ်ပါးရှိကြောင်း ကွဲကွဲပြားပြား သိလာရခြင်းဖြစ်သည်။ ထို့ကြောင့် မိုင်းခိုင်းမင်းကြီးဦးယမ်၏ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းသည် စာပေသမိုင်း၊ စာဆိုတော်တို့၏ အတ္ထုပ္ပတ္တိကို လေ့လာရာတွင် များစွာအထောက်အကူပြုသော ကျမ်းဖြစ်သည်ဟုဆိုခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၈၀၆၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၈၀၆၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမျိုးစုံ ၈၀၆၁ ဧကကို ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ဆီထွက်သီးနှံစုံ ၈၀၆၁ ဧကတွင် နေကြာ ၆၁၈၆ ဧက၊ မြေပဲ ၁၅၇၅ ဧက၊ ဆီပဲပုပ်ဧက ၃၀၀ စုစုပေါင်းဆီထွက်သီးနှံစုံ ၈၀၆၁ ဧကဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံတွေနဲ့ အခြားဆောင်းသီးနှံတွေ စီမံချက်ချမှတ်လျာထား စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အခုနှစ် ဆီထွက်သီးနှံနေကြာ ဧက ၆၀၀၀ ကျော်အပါအဝင် ဆီထွက်သီးနှံတွေအားလုံး လျာထားချက်အတိုင်း စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ပျိုးဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့ဝယ်ယူတဲ့လုပ်ငန်းကနေ စိုက်ပျိုးတဲ့အထိ လိုအပ်တဲ့ နည်းပညာတွေကို ပို့ချဆောင်ရွက်ပေးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့များရွေးချယ်မှုမှန်ကန်စေရန်၊ စနစ်တကျရာနှုန်းပြည့်စိုက်ပျိုးနိုင်စေရန်၊ ဖြစ်ထွန်းအောင်မြင်စေရန်၊ ဆီထွက်သီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများမှ ဆက်လက်ပူးပေါင်းဆောင်ရွက်ပြီး စိုက်နည်းစနစ်နှင့် အခြားနည်းပညာများကိုလည်း သင်ကြား ပို့ချပေးနေကြောင်း သိရသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## ချမ်းအေးသော ဒီဇင်ဘာ

- ငွေနှင်းကျသော
  ဆောင်းလရာသီ ချမ်းအေးတည်ကာ
  မှုန်ရီမှိုင်းမှိုင်း ရှစ်ခွင်တိုင်း။

- ဆီးနှင်းစည်းချက် မြည်သံထွက်၍
  ဆောင်းရက်များစွာ ဒီဇင်ဘာက
  ပိုကာအေးခဲ ချမ်းစိမ့်ကဲ။

- ဒီဇင်ဘာဆောင်း ခိုဝင်အောင်းသော်
  ရက်ပြောင်းလှသေး ပိုမိုအေးလျက်
  ဆေးစွမ်းတစ်ခု အဖော်ပြုသည်
  စုဆောင်းထင်းရှာ မီးဖိုပါ၍
  သာယာနွေးခတ် မြဲမပြတ်။

- သစ်ငုတ်ထင်းခြောက် ရှာဖွေကောက်၍
  မြောက်လေအေးနှ အံကိုတုကာ
  ပြုလုပ်ဆောင်းဒဏ် မီးဖိုမှန်သည်
  မြန်စွာအနွေး မီးလှုံပေး။

- ငွေနှင်းကျသော
  ဆောင်းလရာသီ ချမ်းအေးတည်ကာ
  မှုန်ရီမှိုင်းမှိုင်း ရှစ်ခွင်တိုင်း။ ။

ဖြိုးထက်(ရေစကြို)

## တံတားဦးမြို့နယ် အုတ်ကျွတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ကျွတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အုတ်ကျွတ်ဖိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**

## ငဖဲမြို့နယ် အောင်ပင်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောင်ပင်လယ်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာအုပ်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေ ပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အောင်ပင်လယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၉၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၉၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# နိုင်ငံတကာ သတင်းများ



## သမ္မတပူတင်က ယူကရိန်းနိုင်ငံကို ပင်လယ်နှင့် အဆက်အသွယ်ဖြတ်ရလိမ့်မည်ဟု သတိပေး

မော်စကို ဒီဇင်ဘာ ၃

ပင်လယ်နက်ဒေသ၌ ရုရှား ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရမှုကို တုံ့ပြန်သည့်အနေဖြင့် ယူကရိန်းနိုင်ငံကို ပင်လယ်ရေပြင်နှင့် အဆက်ဖြတ်ရလိမ့်မည်ဟု ရုရှားသမ္မတပူတင်က ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ရက်များအတွင်း ပင်လယ်နက်ဒေသ၌ ရုရှား ရေနံတင်သင်္ဘော သုံးစီးကို ယူကရိန်း မောင်းသူမဲ့ယာဉ်များက တိုက်ခိုက်ခဲ့ပြီးနောက် သမ္မတပူတင်က ထိုသို့ သတိပေးခဲ့ခြင်းဖြစ်သည်။

ပင်လယ်နက်ဒေသ၌ ရုရှား ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရမှုကို တားဆီးရေးအတွက် အခြေခံအကျဆုံး နည်းလမ်းမှာ ယူကရိန်းနိုင်ငံကို ပင်လယ်နှင့် အဆက်အသွယ် ဖြတ်ထားခြင်းဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားတပ်မတော်သည် ယူကရိန်း ဆိပ်ကမ်းများနှင့် ရေယာဉ်များကို ပြင်းပြင်းထန်ထန် တိုက်ခိုက်၍ ယူကရိန်းကို ကူညီနေသောနိုင်ငံများမှ ရေနံတင်သင်္ဘောများကိုလည်း အရေးယူမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က သတိပေးထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ နယ်မြေအများအပြားကို ထိန်းချုပ်ထားနိုင်သော်လည်း အိုဒက်ဆာဆိပ်ကမ်းအပါအဝင် အဓိကဆိပ်ကမ်းများကို ယူကရိန်းနိုင်ငံက ထိန်းချုပ်ထားဆဲဖြစ်သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ယူကရိန်းနိုင်ငံ၏ အကျယ်အဝန်း ၂၀ ရာခိုင်နှုန်းနီးပါးကို ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ကာကွယ်ရေးဝန်ကြီးသစ်ရာထူးအတွက် နိုင်ဂျီးရီးယားသမ္မတ အမည်စာရင်းတင်သွင်း

အဘူဂျာ ဒီဇင်ဘာ ၃

နိုင်ဂျီးရီးယား ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ခရစ်စတိုဖာမူအာကို သမ္မတ ဘိုလာတီနူဘူက အမည်စာရင်းပေးသွင်းထားကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများတွင် ရေးသားတင်ပြထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အသက် ၅၈ နှစ်ရှိ ဗိုလ်ချုပ်ကြီး ခရစ္စတိုဖာမူဆာသည် ဒီဇင်ဘာ ၁ ရက်တွင် ရာထူးမှနုတ်ထွက်ခဲ့သော ကာကွယ်ရေး ဝန်ကြီးဟောင်း မိုဟာမ်မက် ဘာဒါရူအဘူဘာကာ၏ နေရာတွင် အစားထိုးတာဝန်ယူမည်ဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း၌ လူအစုလိုက်အပြုံလိုက် ပြန်ပေးဆွဲခံရမှုများ မြင့်တက်လာခဲ့ပြီး ကာကွယ်ရေးဝန်ကြီး ဘာဒါရူအဘူဘာကာ ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။

နိုင်ဂျီးရီးယား ကာကွယ်ရေးဝန်ကြီးအဖြစ် အမည်ထည့်သွင်းခံထားရသော ဗိုလ်ချုပ်ကြီး ခရစ်စတိုဖာမူအာသည် ၂၀၂၃ ခုနှစ်မှစ၍ ယခုနှစ် အောက်တိုဘာလထိ နိုင်ဂျီးရီးယားကာကွယ်ရေးဦးစီးချုပ်တာဝန်ကို ရယူခဲ့သူဖြစ်သည်။

နိုင်ဂျီးရီးယားအစိုးရသည် လူအစုလိုက်အပြုံလိုက် ပြန်ပေးဆွဲခံရမှုပြဿနာကို ကိုင်တွယ်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာအရ အရေးပေါ်အခြေအနေ ကြေညာထားသည်။

ကုလသမဂ္ဂ၏ အဆိုအရ ယခုနှစ် နိုဝင်ဘာလလယ်ပိုင်းမှစ၍ နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်း လူပေါင်း အနည်းဆုံး ၄၀၂ ဦး ပြန်ပေးဆွဲခံထားရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ရုရှားသမ္မတပူတင်နှင့် အမေရိကန်အထူးသံတမန်များ တွေ့ဆုံဆွေးနွေး

မော်စကို ဒီဇင်ဘာ ၃



ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ အထူးသံတမန်များသည် မော်စကိုမြို့၌ ဒီဇင်ဘာ ၂ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသော်လည်း ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ မည်သည့်သဘောတူညီချက်မျှ မရယူနိုင်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ငါးနာရီကြာမြင့်ခဲ့သည့် အဆိုပါဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏အထူးသံတမန် စတိဗ်ဝစ်အော့ဖ်၊ သမ္မတဒေါ်နယ်ထရမ့်၏ သမက်ဂျရက်ကုရှ်နာတို့နှင့်အတူ နှစ်နိုင်ငံထိပ်တန်းတာဝန်ရှိသူများ ပါဝင်ခဲ့ကြကြောင်း ကရင်မလင်နန်းတော်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သို့ရာတွင် ဒီဇင်ဘာ ၂ ရက် ဆွေးနွေးပွဲတွင် မိမိတို့အနေဖြင့် ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် သဘောတူညီချက်ရယူနိုင်ခြင်း မရှိသေးကြောင်း ရုရှားသမ္မတပူတင်၏ ပြည်ပရေးရာမူဝါဒအကြံပေး ယူရီအူရှာကော့ဗ်က ပြောကြားထားကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်နှင့် အမေရိကန်နိုင်ငံထိပ်တန်း သံတမန်များသည် ယူကရိန်းနယ်မြေများ ပြဿနာကို အဓိကထား ဆွေးနွေးခဲ့ကြောင်း ယူရီအူရှာကော့ဗ်၏ အဆိုအရ သိရသည်။

ယူကရိန်းပဋိပက္ခကို ဆင်နွှဲရာတွင် ရုရှား၏ အဓိကစစ်ရေးရည်မှန်းချက်မှာ ယူကရိန်းနိုင်ငံ၏ ဒွန်းဘတ်စ်ဒေသကြီး တစ်ခုလုံးကို ထိန်းချုပ်နိုင်ရေးဖြစ်ကြောင်း ရုရှားအစိုးရက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ဒွန်းဘတ်စ်ဒေသကြီးတစ်ခုလုံးအနက် ဧရိယာစတုရန်းမိုင် ၁၉၀၀ ကို ယူကရိန်းတပ်များက ထိန်းချုပ်ထားဆဲဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## မလေးရှားနိုင်ငံက အမ်အိတ်ချ် - ၃၇၀ ခရီးသည်တင်လေယာဉ် ရှာဖွေရေးလုပ်ငန်းကို ပြန်လည်စတင်မည်

ကွာလာလမ်ပူ ဒီဇင်ဘာ ၃

၂၀၁၄ ခုနှစ်အတွင်း ဆန်းကြယ်စွာပျောက်ဆုံးခဲ့သည့် မလေးရှားလေကြောင်းလိုင်း ခရီးစဉ်အမှတ် အမ်အိတ်ချ်- ၃၇၀ ခရီးသည်တင်လေယာဉ် ရှာဖွေရေးလုပ်ငန်းကို ပြန်လည်စတင်ရန် မလေးရှားနိုင်ငံက စီစဉ်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပျောက်ဆုံးနေသည့် အမ်အိတ်ချ်- ၃၇၀ ဘိုးရင်း ၇၇၇ ခရီးသည်တင်လေယာဉ် ရှာဖွေရေးလုပ်ငန်းကို ဒီဇင်ဘာ ၃၀ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း မလေးရှား သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယသမုဒ္ဒရာ တောင်ပိုင်း၌ ပြန်လည်စတင်မည့် ရှာဖွေရေးလုပ်ငန်းကို အမေရိကန်နိုင်ငံအခြေစိုက် အိုးရှင်းအင်ဖန်နတီကုမ္ပဏီက ဦးဆောင်မည်ဖြစ်သည်။




မလေးရှား နိုင်ငံသည် အမ်အိတ်ချ်- ၃၇၀ ခရီးသည်တင်လေယာဉ် ရှာဖွေရေးလုပ်ငန်းကို ယခုနှစ် ဧပြီလအတွင်း ရာသီဥတုအခြေအနေကြောင့် အစီအစဉ်ဖျက်သိမ်းခဲ့ရသည်။

ခရီးသည် ၂၂၇ ဦးနှင့် လေယာဉ်အမှုထမ်း ၁၂ ဦး လိုက်ပါသွားသည့် အဆိုပါလေယာဉ်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ၂၀၁၄ ခုနှစ် မတ် ၈ ရက်က ပျံသန်းနေစဉ် ဆန်းကြယ်စွာ ပျောက်ဆုံးခဲ့ရသည်။

လေယာဉ် ပျောက်ဆုံးခဲ့ပြီးနောက်ပိုင်း ရှာဖွေရေးလုပ်ငန်းများကို နိုင်ငံတကာက အင်တိုက်အားတိုက် ပြုလုပ်ခဲ့သော်လည်း မည်သည့်သဲလွန်စမျှ မတွေ့ရှိခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## သမ္မတဒေါ်နယ်ထရမ့်၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဟွန်ဒူးရပ်စ်သမ္မတဟောင်း ပြန်လည်လွတ်မြောက်

နယူးယောက် ဒီဇင်ဘာ ၃

မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်း၌ ပါဝင်ပတ်သက်မှုဖြင့် ထောင်ဒဏ် ၄၅ နှစ် ကျခံနေရသည့် ဟွန်ဒူးရပ်စ်သမ္မတဟောင်း ဂျူအန်အော်လန်ဒို ဟာနန်ဒက်ဇ်သည် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဒီဇင်ဘာ ၂ ရက်တွင် ပြန်လည်လွတ်မြောက်လာကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟွန်ဒူးရပ်စ် နိုင်ငံသားများ၏ မေတ္တာရပ်ခံချက်အရ အမေရိကန်နိုင်ငံ၌ ထောင်ဒဏ်ကျခံနေသော ဟွန်ဒူးရပ်စ် သမ္မတဟောင်း ဟာနန်ဒက်ဇ်ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပြီဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က သတင်းထောက်များနှင့်တွေ့ဆုံစဉ်အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ဟွန်ဒူးရပ်စ် သမ္မတဟောင်း ဟာနန်ဒက်ဇ်မှာ အမေရိကန် သမ္မတဟောင်း ဂျိုးဘိုင်ဒင်လက်ထက် တရားခံဖမ်းပွဲ၌ သားကောင်ဘဝ ရောက်ခဲ့ရသူဖြစ်ကြောင်းလည်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြား ကာလအတွင်း ဟွန်ဒူးရပ်စ်သမ္မတရာထူးကိုရယူခဲ့သည့် ဟာနန်ဒက်ဇ်သည် တရားမဝင် မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ကြောင်း သမ္မတဟောင်း ဂျိုးဘိုင်ဒင်လက်ထက်က အမေရိကန် တရားရေးဝန်ကြီးဌာနက စွပ်စွဲထားသည်။

ဟွန်ဒူးရပ်စ် သမ္မတဟောင်း ဟာနန်ဒက်ဇ်ကို မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုများ၌ ပါဝင်ပတ်သက်မှုဖြင့် မင်ဟတ်တန်တရားရုံးက ၂၀၂၄ ခုနှစ် ဇွန်လက ထောင်ဒဏ် ၄၅ နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဟွန်ဒူးရပ်စ် သမ္မတဟောင်းကို ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့်အတွက် ဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ်များက သမ္မတဒေါ်နယ်ထရမ့်ကို ဝေဖန်လျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ရှီကျန်ယန်-၂၈ ဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း ဒီဇင်ဘာ ၃**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှီကျန်ယန်-၂၈ အမည်ရှိ ဂြိုဟ်တုတစ်စင်းကို ဒီဇင်ဘာ ၂ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

ရှီကျန်ယန်-၂၈ ဂြိုဟ်တုကိုသယ်ဆောင်ထားသည့် လောင်းမတ်ချ်-၇ ဒုံးပျံကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၇ ဒုံးပျံသည် ရှီကျန်ယန်-၂၈ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ရှီကျန်ယန်-၂၈ ဂြိုဟ်တုသည် အာကာသဝန်းကျင် စူးစမ်းလေ့လာရေးနည်းပညာများနှင့်ဆက်စပ်သည့်နည်းပညာများကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

ရှီကျန်ယန်-၂၈ ဂြိုဟ်တုမစ်ရှင်သည် တရုတ်အမျိုးသားအာကာသအေဂျင်စီအတွက် ၂၀၂၅ ခုနှစ်၏ ၇၆ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၁၁ ကြိမ်မြောက် မစ်ရှင်ဖြစ်သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## Einstein Probe အာကာသယာဉ်က လွှတ်တင်ပြီးနှစ်နှစ်တာကာလအတွင်း X-ray ရောင်ခြည်ပေါက်ကွဲမှုဖြစ်စဉ်အများအပြားကို စူးစမ်းလေ့လာနိုင်ခဲ့

**ပေကျင်း ဒီဇင်ဘာ ၃**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ Einstein Probe အာကာသယာဉ်သည် လွှတ်တင်ပြီး နှစ်နှစ်တာကာလအတွင်း X-ray ရောင်ခြည်ပေါက်ကွဲမှုဖြစ်စဉ်အများအပြားကို စူးစမ်းလေ့လာနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် Einstein Probe အာကာသယာဉ်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




လွှတ်တင်ပြီးနောက်ပိုင်း Einstein Probe အာကာသယာဉ်သည် ပေါ်ပေါက်ချိန် တိုတောင်းလွန်းမှုနှင့် အလင်းအားနည်းလွန်းမှုတို့ကြောင့် အခြားရေဒီယိုတယ်လီစကုပ်များ ထောက်လှမ်းရှာဖွေရန် မလွယ်ကူသော အာကာသပေါက်ကွဲမှုဖြစ်စဉ်အများအပြားကို စူးစမ်းလေ့လာနိုင်ခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Einstein Probe အာကာသယာဉ် ရှာဖွေတွေ့ရှိခဲ့သည့် စကြဝဠာပေါက်ကွဲမှုဖြစ်စဉ်များထဲတွင် EP 241021 a အမည်ရှိ X-ray ရောင်ခြည် ပေါက်ကွဲမှုဖြစ်စဉ်လည်း ပါဝင်သည်။

EP 241021 a X-ray ရောင်ခြည်ပေါက်ကွဲမှုသည် အနည်းဆုံးရက်ပေါင်း ၄၀ ထိ ကြာမြင့်ခဲ့ရာ အလွန်ရှားပါးသည့် စကြဝဠာပေါက်ကွဲမှုဖြစ်ကြောင်း သိရသည်။

Einstein Probe အာကာသယာဉ်၌ တပ်ဆင်ထားသည့် WXT X-ray ရောင်ခြည်ရေဒီယိုတယ်လီစကုပ်သည် ကျောက်ပုစွန်မျက်လုံး ဖွဲ့စည်းပုံကို စံပြု၍တည်ဆောက်ထားသော ရေဒီယိုတယ်လီစကုပ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ကမ္ဘာပတ်လမ်းများပေါ်ရှိ ဂြိုဟ်တုနှင့်အာကာသအမှိုက်များကိုစောင့်ကြည့်ရေး ဒုတိယမြောက်ဂြိုဟ်တုကွန်ရက်တစ်ခုကို တည်ဆောက်ရန် တရုတ်နိုင်ငံ စီစဉ်

**ပေကျင်း ဒီဇင်ဘာ ၃**

ကမ္ဘာပတ် လမ်းများပေါ်ရှိ ဂြိုဟ်တုနှင့် အာကာသအမှိုက်များကို စောင့်ကြည့်ရေးအတွက် ဒုတိယမြောက် ဂြိုဟ်တုကွန်ရက်တစ်ခုကို တည်ဆောက်ရန် တရုတ်နိုင်ငံက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

ရုရှ်ယန်းအမည်ရှိ အဆိုပါကမ္ဘာပတ်လမ်း စောင့်ကြည့်ရေး ဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တု ၁၅၆ စင်းဖြင့် ဖွဲ့စည်းတည်ဆောက်ရန် တရုတ်နိုင်ငံက စီစဉ်ထားကြောင်း သိရသည်။

ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုများ တစ်စင်းနှင့်တစ်စင်း ဝင်တိုက်နိုင်ခြေကို လျှော့ချရေး၊ ပြည်ပသတင်းအချက်အလက်များအပေါ် မှီခိုနေရမှုကို လျှော့ချရေးတို့အတွက် ရုရှ်ယန်းဂြိုဟ်တုကွန်ရက်ကိုတည်ဆောက်ရန် တရုတ်နိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

ရုရှ်ယန်းကမ္ဘာပတ်လမ်းစောင့်ကြည့်ရေး ဂြိုဟ်တုကွန်ရက်ကို အန်းဟိုးပြည်နယ် အခြေစိုက် ရှင်တူစီးကောင်နည်းပညာကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ရုရှ်ယန်းကမ္ဘာပတ်လမ်းစောင့်ကြည့်ရေး ဂြိုဟ်တုကွန်ရက်၏ ပထမဆုံးဂြိုဟ်တု ၁၂ စင်းကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်မည်ဖြစ်ပြီး ကွန်ရက်တစ်ခုလုံးကိုမူ ၂၀၂၈ ခုနှစ်အလွန်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း ရှင်တူစီးကောင်နည်းပညာကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## ကိုယ်ခန္ဓာနှင့် ကြွက်သားများ ကြံ့ခိုင်သန်မာမှုက ဦးနှောက်ကို နုပျိုစေနိုင်

**နယူးယောက် ဒီဇင်ဘာ ၃**

ကိုယ်ခန္ဓာနှင့် ကြွက်သားများ ကြံ့ခိုင်သန်မာမှုသည် ဦးနှောက်ကို နုပျိုစေနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကြွက်သားထုများပြားပြီး ကိုယ်တွင်းအဆီစုစည်းမှုနည်းပါးသူများ၏ ဦးနှောက်မှာ သာမန်ထက်ပို၍ ကျန်းမာနုပျိုနေတတ်ကြောင်း ဝါရှင်တန်ဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

လူ့ကိုယ်တွင်းရှိကြွက်သားထုထည်နှင့် အဆီထုထည်အတိုင်းအဆသည် ဦးနှောက်၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိတတ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကျန်းမာရေးကောင်းမွန်သော အရွယ်ရောက်သူ ၁၁၆၄ ဦးတို့၏ ကိုယ်လုံးပြည့်ဓာတ်မှန်များကို စူးစမ်းလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကြွက်သားထုပိုများသူများ၏ ဦးနှောက်မှာ နုပျိုနေတတ်ပြီး ကြွက်သားထုနှင့်နှိုင်းယှဉ်ပါက ကိုယ်တွင်းအဆီစုစည်းမှုပိုများသူများ၏ ဦးနှောက်တွင်မူ ဦးနှောက်သက်တမ်း အိုမင်းလာတတ်သည်ကို တွေ့ရကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ပိုလီဖီနောခေါ် အောက်ဆီဂျင်ဓာတ်များ ကြွယ်ဝသည့် အစားအစာများက နှလုံးကျန်းမာရေးကို အကျိုးပြု

**လန်ဒန် ဒီဇင်ဘာ ၃**

ပိုလီဖီနော(Polyphenol) ခေါ် အောက်ဆီဂျင်ဓာတ်များ ကြွယ်ဝသည့် အစားအစာများသည် နှလုံးကျန်းမာရေးကို အကျိုးပြုကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ပိုလီဖီနော ဓာတုဒြပ်ပေါင်း ပါဝင်မှုမြင့်မားသည့် အစားအစာများထဲတွင် လက်ဖက်ရည်၊ ကော်ဖီ၊ ဘယ်ရီသီး၊ သစ်စေ့သစ်ဆန်၊ ဆန်လုံးညိုနှင့် သံလွင်ဆီတို့လည်း ပါဝင်ကြောင်း သိရသည်။

ပိုလီဖီနောပါဝင်မှုမြင့်မားသည့် အထက်ပါ အစားအစာများကို နေ့စဉ်ဓာတ်စာ၌ ပုံမှန်ထည့်သွင်းစားသုံးခြင်းဖြင့် နှလုံးကျန်းမာရေးကို ထိန်းထားနိုင်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ပိုလီဖီနောဓာတုဒြပ်ပေါင်းများသည် နှလုံးကျန်းမာရေးအပြင် ဦးနှောက်နှင့် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးတို့အတွက်လည်း အကျိုးရှိကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အထက်ပါကျန်းမာရေးအကျိုးကျေးဇူးများကို ပိုလီဖီနောဓာတုဒြပ်ပေါင်းပုံစံနှစ်မျိုးဖြစ်သည့် Flavonoids နှင့် Phenolic acids တို့မှ တစ်ဆင့် ရယူနိုင်ခြင်းဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ဦးရေ ၃၁၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO






# ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အီတလီစီးရီးအေ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တွမ်မီနေး ဆွတ်ခူး

ရောမ ဒီဇင်ဘာ ၃

ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို နာပိုလီအသင်း ကွင်းလယ်ကစားသမား တွမ်မီနေးက ဆွတ်ခူးခဲ့ကြောင်း One Foot-ball သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

တွမ်မီနေးသည် ၂၀၂၄ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက နာပိုလီအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသ၍ ပထမဆုံး ဘောလုံးရာသီတွင် အီတလီစီးရီးအေပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။




တွမ်မီနေးသည် ပြီးခဲ့သည့်ဘောလုံးရာသီက နာပိုလီအသင်း အီတလီစီးရီးအေ ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၆ ပွဲ ပါဝင်ကစားရာ ၁၃ ဂိုး သွင်းယူပြီး ဂိုးဖန်တီးမှု လေးကြိမ် ပြုလုပ်၍ အီတလီစီးရီးအေပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တွမ်မီနေးသည် မန်ယူအသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသော်လည်း နာပိုလီအသင်းနှင့်အတူ အီတလီစီးရီးအေပြိုင်ပွဲတွင် အကောင်းဆုံး ခြေစွမ်းပြသပြီးနောက် အသင်းဟောင်း မန်ယူအသင်းကလည်း တွမ်မီနေးကို ပြန်လည်ခေါ်ယူရန် သတင်းများ ထွက်ပေါ်နေသည်။

တွမ်မီနေးသည် အီတလီစီးရီးအေ ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအပြင် နေရာအလိုက် တစ်နှစ်တာအကောင်းဆုံး ကစားသမား ၁၁ ဦး စာရင်းတွင်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : One Football

Trs : STA

# အလန်ရှီးယား၏ ပရီးမီးယားလိဂ်သွင်းဂိုးစံချိန်ကို တိုက်စစ်မှူး ဟာလန်း ကျော်ဖြတ်

မန်ချက်စတာ ဒီဇင်ဘာ ၃

ပရီးမီးယားလိဂ်အမှတ်ပေးပွဲစဉ်အဖြစ် ဖူလ်ဟမ်အသင်းနှင့် မန်စီးတီးအသင်းတို့ ကစားခဲ့ရာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူခဲ့သည့် တိုက်စစ်မှူး ဟာလန်းသည် အလန်ရှီးယား၏ ပရီးမီးယားလိဂ် သွင်းဂိုးစံချိန်ကို ကျော်ဖြတ်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး ဟာလန်းသည် ပွဲကစားချိန် ၁၇ မိနစ်တွင် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၁၁ ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သောကြောင့် ပွဲအရေအတွက်အနည်းဆုံးဖြင့် သွင်းဂိုး ၁၀၀ အမြန်ဆုံး ပြည့်မြောက်သည့် ကစားသမားဖြစ်လာခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတစ်လျှောက် ၁၉၉၅ ခုနှစ်တွင် တိုက်စစ်မှူး အလန်ရှီးယားက ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၂၄ ပွဲတွင် သွင်းဂိုး၁၀၀အမြန်ဆုံးပြည့်မြောက်သည့် ကစားသမားအဖြစ် ရပ်တည်ခဲ့ပြီးနောက် ယခုအခါ မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းက အလန်ရှီးယား၏ စံချိန်ကို ကျော်ဖြတ်ခဲ့ကြောင်း သိရသည်။

၎င်းတို့နောက်တွင် အာဆင်နယ် တိုက်စစ်မှူးဟောင်း အွန်နရီက ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၄၁ ပွဲဖြင့် သွင်းဂိုး ၁၀၀၊ မန်စီးတီးအသင်း တိုက်စစ်မှူးဟောင်း အဂူရိုက ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၄၇ ပွဲဖြင့် သွင်းဂိုး ၁၀၀၊ လက်ရှိ လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာဟ်က ပြိုင်ပွဲ ၁၆၂ ပွဲဖြင့် သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ကြခြင်းဖြစ်သည်။

သို့သော် ဘလက်ဘန်းအသင်းနှင့် နယူးကာဆယ်အသင်းတို့တွင် ၁၉၉၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ကစားခဲ့သည့် တိုက်စစ်မှူး အလန်ရှီးယားက ပရီးမီးယားလိဂ် သွင်းဂိုး ၂၆၀ ဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : Espn

Trs : ML




# ဒန်နီအိုလ်မို ပခုံးဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ကို ဘာစီလိုနာအသင်း စိုးရိမ်

ဘာစီလိုနာ ဒီဇင်ဘာ ၃

အေတီကိုအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ် တိုက်စစ်ကစားသမား ဒန်နီအိုလ်မို ပခုံးဒဏ်ရာရခဲ့သောကြောင့် ၂၀၂၆ ခုနှစ်ထိ အနားယူရမည်ကို ဘာစီလိုနာအသင်းက စိုးရိမ်လျက်ရှိကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အိုလ်မိုသည် အေတီကိုအသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် ၆၅ မိနစ်၌ အသင်းအတွက် ဦးဆောင်ဂိုးသွင်းပြီး နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရနေချိန်တွင် ပခုံးဒဏ်ရာကြောင့် အသင်းဖော်ကစားသမား ဖာရန်တောရက်စ်နှင့် လူစားလဲ ထွက်ခွာခဲ့ရသည်။

လက်ရှိတွင် ကစားသမား၏ ပခုံးဒဏ်ရာကို စကန်ဖတ်စစ်ဆေးခဲ့ရာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ပြီး ကစားသမားအနေဖြင့် အနည်းဆုံး သုံးပတ်ခန့် အနားယူရမည်ဖြစ်ကာ လိုက်ပ်ဇစ်အသင်းတွင် ကစားစဉ်က ရခဲ့သည့် ပခုံးဒဏ်ရာအတိုင်း ဖြစ်နေသောကြောင့် ဘာစီလိုနာအသင်း တာဝန်ရှိသူများက ၂၀၂၆ ခုနှစ်ထိ လက်လွှတ်ရမည်ကို စိုးရိမ်နေခြင်းဖြစ်သည်။

လက်ရှိဘာစီလိုနာအသင်းတွင် ကွင်းလယ် တိုက်စစ်ကစားသမား ဖြစ်သည့် ဖာမင်လိုပက်သည်လည်း ဒဏ်ရာရနေသောကြောင့် အိုလ်မို၏နေရာတွင် နည်းပြဖလစ်က ရာဖင်ဟာကိုသာ အသုံးပြုနိုင်ဖွယ်ရှိကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ကွင်းလယ် တိုက်စစ်ကစားသမား အိုလ်မိုသည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ ၁၇ ပွဲတွင် သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မက်အီရွိုင်း ပါဝင်ယှဉ်ပြိုင်မည်

မဲလ်ဘုန်း ဒီဇင်ဘာ ၃

သြစတေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပမည့် Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၂)နေရာ၌ ရပ်တည်နေသည့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက် ကစားသမား မက်အီရွိုင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက်အီရွိုင်းသည် ထိပ်တန်းပြိုင်ပွဲများတွင် အောင်မြင်မှုဆာလောင်နေကြောင်း ပြောကြားထားပြီး ချန်ပီယံဆုကို ထပ်မံဆွတ်ခူးရေးအတွက်လည်း ပစ်မှတ်ထားနေကြောင်း ပြောကြားခဲ့သည်။

မက်အီရွိုင်းသည် ၂၀၁၃ ခုနှစ်တွင် Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သူဖြစ်ပြီး ယင်းနောက်ပိုင်း Aus-tralian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်မြင်မှုပြန်လည်ရယူနိုင်



ခြင်းမရှိသေးကြောင်း သိရသည်။

၂၀၁၃ ခုနှစ် နောက်ပိုင်းတွင်လည်း မက်အီရွိုင်းသည် Austra-lian Open ဂေါက်သီးရိုက်ပြိုင်ပွဲဖြင့် မကြာခဏ လွဲချော်ခဲ့သူဖြစ်ပြီး ယခုနှစ်တွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၅၉ ဗိုလ်လောင်း မြတ်သီဟအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၂၄ ဗိုလ်လောင်း ဟိန်းဝေလင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၂၅ ဗိုလ်လောင်း တင့်အောင်ထူးအား ဆုပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးနှင့် ၎င်းတို့၏မိဘဆွေမျိုးများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများ၊ တစ်ခန်းရပ်ပြဇာတ်များဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်း စားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများကို တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ် ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ကာကွယ် ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီး များနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်း များ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထား သည့် ဧည့်သည်တော်များ တက်ရောက် ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း အရာရှိများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံ တော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်း ဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက် လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေ စဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ် ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများ၊ တစ်ခန်းရပ်ပြဇာတ် များဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူ များက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်း အားလျော့သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

ယနေ့နံနက် ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း ပူဒူချယ်ရီနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် တောင်-အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း ပူဒူချယ်ရီနှင့်အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့ကို ပူဒူချယ်ရီမြို့အနီးမှ စတင်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက် ဖြတ်ကျော်နိုင်ကာ နောက်ခြောက်နာရီအတွင်း အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ် တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၅ ပညာသင်နှစ် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များအတွက် နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေး နှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ "ဝ")တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အခြေခံပညာသင်တန်း (GRADE-10, GRADE-11, GRADE-12)များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်း နှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ဖော်ပြအပ်ပါသည်။

လျှောက်လွှာများကို ဒီဇင်ဘာ ၁၈ ရက်နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီး ဌာနသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာ ရေးဝန်ကြီးဌာန Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန Website www.hrh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကြေညာအပ်ပါသည်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်မြို့ သောက်သုံးရေပိုမိုလုံလောက်စွာရရှိရေး စည်သာရေလှောင်တမံရေပိုလွှဲ သုံးပေမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

☆ ကျောဖုံးမှအဆက်

စည်သာရေလှောင်တမံရေပိုလွှဲ သုံးပေမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု၊ ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံစွာရရှိရေးနှင့်စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးတို့အတွက် ဆင်လမ်း(၂) ရေလှောင်တမံတည်ဆောက်ခြင်း၊ ပွဲကောက်ရေလွှဲဆည်တည်ဆောက်ခြင်းနှင့် ပင်တီးရေလှောင်တမံတည်ဆောက်ခြင်း စသည့် စီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှု များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးတို့အတွက် ဆင်လမ်း(၂) ရေလှောင်တမံနှင့် ပင်တီးရေလှောင်တမံ တည်ဆောက်ခြင်း စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်းသည် ဆင်ဖြူအင်းကျေးရွာအနီး ဆင်ဖြူချောင်းနေရာ၌ဖြစ်ပြီး စီမံကိန်းတည်ဆောက်ပြီးစီးပါက ခန့်မှန်းရေလှောင်ပမာဏ ဧက ပေ ၁၂၀၀ ကို သိုလှောင်နိုင်မည်ဖြစ်ကာ ဆင်ဖြူချောင်းမှ ရေများကို တမံအောက်ဘက်ရှိ ယင်းသာမရေလွှဲဆည်မှတစ်ဆင့် ရတနာပုံမြို့သစ်သို့ Gravity Flow System ဖြင့် သောက်သုံးရေပေးဝေနိုင်ခြင်း၊ ရပ်ကွက်ကြီး(၉/၁၆/၁၇/၁၈)များသို့ သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်ခြင်းတို့အပြင် ချောင်းဘေးဝဲယာတစ်လျှောက်ရှိ စိုက်ပျိုးမြေဧရိယာများအတွက် စိုက်ပျိုးရေကူဖြည့်တင်းပေးနိုင်မည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း၊ ပင်တီးရေလှောင်တမံတည်ဆောက်ခြင်းစီမံကိန်းသည် ပင်တီးကျေးရွာအနီး သဖြိုက်ချောင်းနေရာ၌ဖြစ်ပြီး စီမံကိန်းတည်ဆောက်ပြီးစီးပါက ခန့်မှန်းရေလှောင်ပမာဏ ဧက ပေ ၄၀၀၀ ကို သိုလှောင်နိုင်မည်ဖြစ်ကြောင်း၊ သိုလှောင်ရေများကို Gravity Flow System ဖြင့် သဖြိုက်ချောင်း ဘေးဝဲယာ စိုက်ပျိုးမြေဧရိယာ ၁၀၁၅ ဧကသို့ ရေလွှဲဆည်ခုနစ်ခုမှတစ်ဆင့် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့ပြရပ်ကွက်ကြီး (၁၀/၁၁/၁၂)များသို့လည်း ရေတင်စနစ်ဖြင့် သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်မည့် အကျိုးကျေးဇူးများစွာကိုရရှိလာစေမည်ဖြစ်ကြောင်း၊ အဆိုပါ ရေလှောင်တမံစီမံကိန်း နှစ်ခု တည်ဆောက်ပြီးစီးပါက ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံရေးကို ရရှိစေနိုင်မည်ဖြစ်ပြီး အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်မည့် လူဦးရေအတွက်ပါ လုံလောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့၏ဂုဏ်ဒြပ်ဖြစ်သည့် ပန်းမြို့တော်၊ ကော်ဖီမြို့တော် စသည့် စီမံကိန်းများအတွက်လည်း များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ပြီး ဒေသအတွင်း ပိုမိုစိမ်းလန်းစိုပြည်လာမှုနှင့်အတူ ခရီးသွားလုပ်ငန်းများသည်လည်း များစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ ဒေသ၏ လူမှုစီးပွားဘဝများသည်လည်း များစွာ တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရေလှောင်တမံများ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများနှင့် တွက်ချက်ခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပိုလွှဲနေရာ၌ အဆင့်မြှင့်တင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယခုကဲ့သို့ ဆင်လမ်းရေလှောင်တမံ ရေပိုလွှဲ နှစ်ပေမြှင့်တင်ခြင်းနှင့် စည်သာရေလှောင်တမံ ရေပိုလွှဲ သုံးပေမြှင့်တင်ခြင်းများကို ကာလတိုအတွင်း လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဒေသနှင့်ဒေသခံများ၏ လူမှုအကျိုးစီးပွားကို များစွာအထောက်အကူဖြစ်စေကြောင်း၊ရေလှောင်တမံများ၏ ရေဝေရေလဲ သတ်မှတ်ဧရိယာအကွာအဝေးအတွင်း သစ်တောသစ်ပင်များ ဖုံးလွှမ်းမှုရှိစေရေး၊ သီးနှံများစိုက်ပျိုးမှုမရှိစေရေးတို့အတွက်လည်း စဉ်ဆက်မပြတ် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ရေဖူလုံမှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံမှ ရပ်ကွက်ကြီး (၁၉)-နမ့်ကပ်ကျေးရွာ-အနီးစခန်း လမ်းကြောင်းအတိုင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပနေစေရေးအတွက် အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် မြေအသုံးချမှုများ စနစ်တကျဖြစ်စေရေး စိစစ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စည်သာရေလှောင်တမံ ရေပိုလွှဲသို့ရောက်ရှိပြီး ရေပိုလွှဲသုံးပေအမြင့် မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စည်သာရေလှောင်တမံနှင့် စည်သာရေကူရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြင်ဦးလွင်မြို့နယ်တွင် သစ်တောဖုံးလွှမ်းမှု လျော့ကျရခြင်းနှင့် ပတ်သက်၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ RS & GIS နည်းပညာအသုံးပြု၍ Google Earth မြေပုံများ၊ Landsat ဂြိုဟ်တုဓာတ်ပုံများဖြင့် စိစစ်ခြင်းတို့အရ ခုနှစ်အလိုက် စိစစ်တွေ့ရှိမှုများ၊ သစ်တောဖုံးလွှမ်းမှု ကျဆင်းသွားသည့်နေရာများကို သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများသို့ အသိပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုကောင်းမွန်သည့် နေရာများကို ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများဖွဲ့စည်းခြင်းတို့ကို အလေးထားဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ မြေလွတ်မြေရိုင်းဧရိယာနေရာများအား ကွင်းဆင်းစစ်ဆေး၍ သစ်တောဖုံးလွှမ်းမှုကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှု များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက **ပြင်ဦးလွင်မြို့တော်ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ထင်းရှူးပင်များကိုလည်း မျက်စိပသာဒဖြစ်စေရေးနှင့် စိမ်းလန်းစိုပြည်မှုကို အထောက်အကူဖြစ်စေရေး စိုက်ပျိုးသွားရန်လိုကြောင်း၊ **ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကြိုးဝိုင်း၊ကြိုးပြင်ကာကွယ်တောများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက မဖြစ်မနေ ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် သဘာဝပတ်ဝန်းကျင်ညီညွတ်မျှတမှုကိုဖြစ်ပေါ်စေမည်ဖြစ်ပြီး ရေအရင်းအမြစ်များကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ **ပြင်ဦးလွင်မြို့၏ အေးမြသည့်သဘာဝကို ထိန်းသိမ်းနိုင်ရေး မြို့၏မြောက်ဘက်၊ အရှေ့မြောက်ဘက်နှင့် တောင်ဘက်တို့တွင်သစ်ပင်သစ်တောများ စိုက်ပျိုးသွားရန်လိုအပ်**ကြောင်း၊ **ရှက်ပိတ်တောများ၊ ရှက်အုပ်တောများအတွင်း၌လည်း**

စာမျက်နှာ ၂၀ သို့

**ပြင်ဦးလွင်မြို့တော်ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိ၊ ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြိုးဝိုင်း၊ကြိုးပြင်ကာကွယ်တောများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက မဖြစ်မနေထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ် . . .**

**ပြင်ဦးလွင်မြို့၏ အေးမြသည့်သဘာဝကို ထိန်းသိမ်းနိုင်ရေး မြို့၏မြောက်ဘက်၊ အရှေ့မြောက်ဘက်နှင့် တောင်ဘက်တို့တွင် သစ်ပင်သစ်တောများ စိုက်ပျိုးသွားရန်လိုအပ်၊ ရှက်ပိတ်တောများ၊ ရှက်အုပ်တောများအတွင်း၌လည်း သစ်တောပညာရပ်များအရ လိုအပ်သည့်ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်လို . . .**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနီးစခန်းလေဆိပ် လေယာဉ်ရပ်နားရန်နေရာသစ် တည်ဆောက်ခြင်းလုပ်ငန်းနှင့် လေဆိပ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

**သစ်တောပညာရပ်များအရ လိုအပ်သည့် ထိန်းသိမ်း စောင့်ရှောက်ခြင်းများကို ဆက်လက် ဆောင်ရွက်သွားရန် လိုကြောင်း။**

မြို့နေလူဦးရေ တိုးပွားလာသည်နှင့် အမျှ သောက်သုံးရေနှင့် စိုက်ပျိုးရေ လိုအပ်ချက်များသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသသို့ လာရောက်သည့် ခရီးသွားဧည့်သည်များ၏သုံးရေများအတွက်ကိုလည်း ထည့်သွင်းစဉ်းစားထားရှိရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသရေဖူလုံစွာရရှိရေးအတွက် ရေလှောင်တမံများအဆင့်မြှင့်တင်ခြင်း၊ သစ်တောသစ်ပင်ဖုံးလွှမ်းမှု ဖော်ဆောင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်က လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြင်ဦးလွင်ကို စံပြအဖြစ်ဆောင်ရွက်နေခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိမြစ်ချောင်းအင်းအိုင်များ၊ ရေအရင်းအမြစ်များကို စနစ်တကျ အကျိုးရှိရှိ ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက စိမ်းလန်းစိုပြည်မှုကို မဖြစ်မနေ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယခု ဖော်ဆောင်နေသည့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ၏ အကျိုးရလဒ်များကို နောင်အနာဂတ်ပြည်သူလူထုက ခံစားရမည်ဖြစ်သဖြင့် စနစ်တကျဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စည်သာရေကူ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဆင်လမ်းတမံရေပိုလွှဲနှင့် စည်သာရေလှောင်တမံ ရေပိုလွှဲအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်လမ်းတမံရေပိုလွှဲအား နှစ်ပေ မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်က ကန်ရေပြည့်ရေလှောင်ပမာဏ ၆၈၄၆ ပေရှိခဲ့ရာမှ ယခုအခါယခင်ကထက် ရေလှောင်ပမာဏ ၄၁၂ ဧကပေ၊ ရေဂါလန် ၁၁၂ သန်းပိုမိုသိုလှောင်နိုင်ပြီး အချင်း ၁၈ လက်မရှိ သံမဏိရေထုတ်ပြွန်မှတစ်ဆင့် ပြင်ဦးလွင်မြို့ရှိ ဦးရေ ၁၅၀၀၀ ခန့်ကို တိုးချဲ့ရေပေးဝေနိုင်မည် ဖြစ်ကြောင်း၊ အလားတူ စည်သာရေလှောင်တမံရေပိုလွှဲကို သုံးပေ မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုကြောင့် ယခင်ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၃၇၀ ရှိခဲ့ရာမှ ယခုအခါယခင်ကထက်ရေလှောင်ပမာဏ ၂၆၇ ဧက ပေ၊ ရေဂါလန် ၇၂ သန်းခန့် ပိုမိုသိုလှောင်နိုင်မှုကြောင့် လူဦးရေ ၁၀၀၀၀ ခန့်ကို တိုးချဲ့ရေပေးဝေနိုင်သဖြင့် ပြင်ဦးလွင်ဒေသ ရေလုံလောက်စွာရရှိရေးအတွက် များစွာအကျိုးကျေးဇူးပြုနိုင်မည် ဖြစ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အနီးစခန်းလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်ရှင်းလင်းဆောင် ခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက လေဆိပ်လေယာဉ် ရပ်နားရန် နေရာသစ်တည်ဆောက်ခြင်း လုပ်ငန်းနှင့် လေဆိပ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှု များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ်တကျတွက်ချက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ **အနီးစခန်းလေဆိပ်အား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းသည် ရှမ်းပြည်နယ်အတွင်းသို့ လာရောက်သည့် ခရီးသွားပြည်သူများကို အဓိကပို့ဆောင်ပေးသည့်နေရာဖြစ်စေရေးနှင့် ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့တော်ဖြစ်သည့်အတွက် လာရောက်လည်ပတ်သူများ အဆင်ပြေချောမွေ့စွာဖြင့် ခရီးသွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်**ကြောင်း၊ အလားတူ ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် ဒေသထွက်ပစ္စည်းများ၊ အသီးအနှံများကို အခြားဒေသများသို့ ပိုမိုလွယ်ကူလျင်မြန်စွာ ဖြန့်ဝေပို့ဆောင်ပေးနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **လေဆိပ်အား အဆင့်မြှင့်တင်ပေးခြင်းနှင့်အတူ ပြင်ဦးလွင်မြို့ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကားလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းဘေးဝဲယာ၌ လူသွားပလက်ဖောင်းများကိုလည်း အဆင့်မီစွာဖြင့် ထည့်သွင်းဆောင်ရွက်ပေးသွားရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ၁)

> **အနီးစခန်းလေဆိပ်အား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းသည် ရှမ်းပြည်နယ်အတွင်းသို့လာရောက်သည့် ခရီးသွားပြည်သူများကို အဓိကပို့ဆောင်ပေးသည့်နေရာဖြစ်စေရေးနှင့် ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့တော်ဖြစ်သည့်အတွက် လာရောက်လည်ပတ်သူများ အဆင်ပြေချောမွေ့စွာဖြင့် ခရီးသွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်၊ လေဆိပ်အား အဆင့်မြှင့်တင်ပေးခြင်းနှင့်အတူ ပြင်ဦးလွင်မြို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကားလမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းဘေးဝဲယာ၌ လူသွားပလက်ဖောင်းများကိုလည်း အဆင့်မီစွာဖြင့် ထည့်သွင်းဆောင်ရွက်ပေးသွားရန်လို . . .**

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းပွဲအခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း



**ရဲဘော်တို့**

ဒီနေ့ဟာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၇) ရဲ့ သင်တန်းဆင်းတဲ့နေ့ဖြစ်သလို အမိစစ်တက္ကသိုလ်မှာ စာပေပညာ၊ စစ်ပညာတွေကို သင်ကြားတတ်မြောက်ခဲ့ပြီးဖြစ်လို့ ရဲဘော်တို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှာ ခေါင်းဆောင်ငယ်တွေအဖြစ် တပ်မတော်က စတင်တာဝန်ပေးအပ်တဲ့နေ့လည်းဖြစ်တယ်။ ဒါကြောင့် ဒီနေ့ဟာ ရဲဘော်တို့အတွက် ဘဝမှတ်တိုင်သစ် စိုက်ထူနိုင်တဲ့နေ့ဖြစ်တဲ့အပြင် နိုင်ငံတော်နဲ့ တပ်မတော်အတွက်လည်း ခွန်အားသစ်တွေ တိုးပွားတဲ့ နေ့ထူးနေ့မြတ်ဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုတယ်။

**ရဲဘော်တို့**

အမိစစ်တက္ကသိုလ်ကြီးကနေ **တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့်အရာရှိကောင်းများ မွေးထုတ်ပေးရန်** ဆိုတဲ့ ရည်ရွယ်ချက်နဲ့အညီ ရဲဘော်တို့ကို တပ်မတော်ရဲ့ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ်ပေးခဲ့ပြီးဖြစ်တယ်။ ဒီလိုကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေနဲ့ မွေးဖွားလာတဲ့ ရဲဘော်တို့ဟာ တာဝန်ကျရာတပ်အသီးသီးမှာ ပေးအပ်လာတဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ရင်း **သစ္စာ၊ သူရ၊ သိပ္ပ** အရာမှာ စံတင်ဂုဏ်ပြုထိုက်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်မတော်ရဲ့ အဓိကလုပ်ငန်းကြီး သုံးခုကို စတင်ထမ်းဆောင်ကြရတော့မယ့် ရဲဘော်တို့ဟာ ခေါင်းဆောင်မှုပညာရပ်ကိုလည်း နားလည်တတ်ကျွမ်းထားဖို့လိုအပ်တယ်။ **ခေါင်းဆောင်မှုဆိုတာ မွေးရာပါ အရည်အချင်းမဟုတ်ဘဲ ကိုယ်တိုင် လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်ပြီး ရယူရတာဖြစ်**လို့ ရဲဘော်တို့အနေနဲ့ တပ်မတော်မှာပြဋ္ဌာန်းထားတဲ့ ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ရပ်နဲ့ ကိုက်ညီအောင် ကိုယ်တိုင်ကြိုးစား လုပ်ဆောင်သွားကြရမှာဖြစ်တယ်။ အထူးသဖြင့် ခေါင်းဆောင်လုပ်သူဟာ လက်အောက်ငယ်သားတွေရဲ့ စိတ်ဓာတ်နဲ့ စွမ်းရည်ကို စနစ်တကျစုစည်းပြီး ပေးအပ်လာတဲ့ ရည်မှန်းချက်တာဝန်တွေကို အောင်မြင်အောင် ထမ်းဆောင်ကြရမှာ ဖြစ်တာကြောင့် ရဲဘော်တို့အနေနဲ့ မိမိခေါင်းဆောင်ရတဲ့အဖွဲ့အစည်းကို အမြဲစည်းလုံးညီညွတ်မှုရှိနေအောင် ဆောင်ရွက်ကြရမှာဖြစ်တယ်။

အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ တပ်ဖွဲ့ဝင် တစ်ဦးချင်းစီရဲ့ စိတ်နေသဘောထား၊ လုပ်ဆောင်နိုင်စွမ်းများနဲ့ အားနည်းချက်၊ အားသာချက်များကို သိရှိအောင်လေ့လာပြီး လူမှန်၊ နေရာမှန် တာဝန်ပေးအပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ရမှာဖြစ်သလို လက်အောက်ငယ်သားတွေကို ကျောသားရင်သား မခွဲခြားဘဲ ညီညွတ်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမှာလည်းဖြစ်တယ်။ ဒါ့အပြင် လက်အောက်ကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်ဖို့ဆိုရင် ရဲဘော်တို့မှာ တည်ကြည်ရိုးသားမှုနဲ့ ဖြောင့်မတ်မှန်ကန်တဲ့ ကိုယ်ကျင့်တရားရှိဖို့လည်းလိုအပ်တယ်။

**မည်သည့်လုပ်ငန်းတာဝန်မဆို ရိုးသားတဲ့ စိတ်ကိုအခြေခံပြီး မှန်ကန်စွာ** လုပ်ဆောင်မှသာ အောင်မြင်မှုရရှိနိုင်မှာဖြစ်တယ်။ မရိုးဖြောင့်တဲ့ စိတ်နဲ့လုပ်တဲ့လုပ်ငန်းတိုင်းဟာ အောင်မြင်မှုမရနိုင်တဲ့အပြင် ရှက်ဖွယ်ကောင်းတဲ့ လုပ်ရပ်များသာဖြစ်ပြီး ရဲဘော်တို့ရဲ့ ခေါင်းဆောင်မှုကိုလည်း ကျဆင်းစေမှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ နိုင်ငံတော်အပေါ်၊ တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့နဲ့ လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာ ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ပြီး အခက်အခဲ အကျပ်အတည်းနဲ့ ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်းမှာ မှတ်ကျောက်အတင်ခံနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ဟာ အဲဒီနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနဲ့လည်း အများကြီးသက်ဆိုင်တယ်။ အလားတူပဲ အဖွဲ့အစည်းတစ်ခုရဲ့ အောင်မြင်မှု၊ ကျရှုံးမှုတို့ဟာလည်း အဲ့ဒီအဖွဲ့အစည်းအတွင်းမှာ ပါဝင်ဆောင်ရွက်နေသူတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုအပေါ်မှာ များစွာမူတည်နေတာ တွေ့ရတယ်။ ဒို့တပ်မတော်အနေနဲ့လည်း ယနေ့အချိန်အထိ မယိမ်းမယိုင်ရပ်တည်နိုင်ခြင်းဟာ ခေတ်အဆက်ဆက် တပ်မတော်သားတွေရဲ့ စည်းကမ်းလိုက်နာမှုနဲ့ အမိန့်နာခံတတ်မှုတို့ကြောင့်ပဲဖြစ်တယ်။ ဒါကြောင့် ဒို့တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို လက်ဆင့်ကမ်းထိန်းသိမ်းကြရမယ့် ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြလိုက်နာကြဖို့ လိုအပ်တယ်။

**စည်းကမ်းဆိုရာမှာ** **အကြမ်းဖျင်းအားဖြင့် တိုက်တွန်းချက် စည်းကမ်း၊ တားမြစ်ချက် စည်းကမ်းဆိုပြီး** နှစ်မျိုးရှိတယ်။ တိုက်တွန်းချက် စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာကိုလုပ်ကြဖို့ တိုက်တွန်းထားတဲ့ စည်းကမ်းတွေဖြစ်ပြီး တားမြစ်ချက် စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ မလုပ်ဆောင်သင့် မလုပ်ဆောင်ထိုက်တာကို မလုပ်ကြဖို့ တားမြစ်ထားတဲ့ စည်းကမ်းတွေပဲဖြစ်တယ်။ အထူးသဖြင့် ဒို့တပ်မတော်မှာ ပြဋ္ဌာန်းထားတဲ့ စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ဟာ ရဲဘော်တို့ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာကို တိုက်တွန်းထားတဲ့ စည်းကမ်းချက်တွေဖြစ်လို့ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာလိုက်နာသွားကြရမှာဖြစ်တယ်။ တပ်မတော်အက်ဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ ပြစ်မှု ၄၁ မျိုးနဲ့ သက်ဆိုင်တဲ့ ပုဒ်မတွေကတော့ မလုပ်ဆောင်သင့် မလုပ်ဆောင်ထိုက်တာတွေကို တားမြစ်ထားတဲ့ စည်းကမ်းတွေဖြစ်တာကြောင့် ရဲဘော်တို့အနေနဲ့ အထူးရှောင်ကြဉ်သွားကြရမှာ ဖြစ်တယ်။ ဒါ့အပြင် တပ်မတော်သားတွေဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်မတော်က ချမှတ်ပြဋ္ဌာန်းထားတဲ့ စစ်မြေပြင်စည်းကမ်းတွေ၊ လုပ်ငန်းခွင် စည်းကမ်းတွေကို လေးစားလိုက်နာကြရမှာဖြစ်သလို နယ်ဘက်ဆိုင်ရာ စည်းကမ်းဥပဒေတွေကိုလည်း လေးစားလိုက်နာသွားကြဖို့ အလေးထားမှာကြားလိုတယ်။

**ရဲဘော်တို့**

လေ့ကျင့်ရေးဆိုတာ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုတဲ့ တပ်မတော်ရဲ့လုပ်ငန်းစဉ်သုံးရပ်မှာ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်လျက်ရှိသလို ဒို့တပ်မတော်ရဲ့ မြဲသုံးမြဲနဲ့ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး လေးရပ်မှာလည်း ပထမဆုံးအချက်အနေနဲ့ ဦးစားပေးထည့်သွင်းဖော်ပြထားတာကို တွေ့ရှိရမှာပဲဖြစ်တယ်။ ရဲဘော်တို့ နေ့စဉ်လုပ်ဆောင်နေရတဲ့၊ လုပ်ဆောင်ဖို့ စည်းကမ်းနဲ့အညီ သတ်မှတ်ထားတဲ့ သမားစဉ်လုပ်ငန်းများကို လိုက်ပါ၊ လိုက်နာလုပ်ဆောင်ခြင်းဟာ တစ်နည်းတစ်ဖုံအားဖြင့် လေ့ကျင့်နေခြင်းပဲဖြစ်တယ်။ တစ်နည်းအားဖြင့်ပြောရရင် ဒို့တပ်မတော်ရဲ့ အရေးကြီးဆုံးလုပ်ငန်းဟာ လေ့ကျင့်ရေးပဲဖြစ်တယ်။ ရဲဘော်တို့အနေနဲ့ မိမိတို့တစ်ဦးချင်းရဲ့ အရည်အသွေးနဲ့ အရည်အချင်းတွေ တိုးတက်စေဖို့သာမက မိမိကွပ်ကဲအုပ်ချုပ်ရတဲ့ တပ်ဖွဲ့ဝင်တွေရဲ့ အရည်အသွေးနဲ့ အရည်အချင်းတွေကိုပါ တိုးတက်နေစေဖို့အတွက် လေ့ကျင့်မှုတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမှာပဲဖြစ်တယ်။

**တပ်မတော်ရဲ့ အဓိကတာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ဒီတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ဖို့ဆိုရင် ရဲဘော်တို့မှာ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံနေဖို့လိုအပ် . . .**

**လက်ရှိ ပထဝီနိုင်ငံရေးအခြေအနေနဲ့ ဖြစ်ပျက်နေတဲ့ နိုင်ငံတကာအခြေအနေတွေအပေါ်မူတည်ပြီး ဒို့နိုင်ငံအပါအဝင် နိုင်ငံငယ်တွေရဲ့ ကာကွယ်ရေး၊ လုံခြုံရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟာ ပြည်သူတစ်ရပ်လုံးပါဝင်တဲ့ အင်အားစုများနဲ့ တည်ဆောက်သွားမှသာ ခိုင်မာမှုရှိမှာဖြစ် . . .**

**ဒို့နိုင်ငံရဲ့ ကာကွယ်ရေးမဟာဗျူဟာအနေနဲ့ ပြည်သူများပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ကျင့်သုံးနေတာကြောင့် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာအပေါ် ထိပါးနှောင့်ယှက်လာတဲ့ ရန်စွယ်မှန်သမျှ တပ်မတော်ကို မဏ္ဍိုင်ပြုထားတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းအားတွေနဲ့ တွန်းလှန်ချေမှုန်းသွားကြရမှာက နိုင်ငံသားတိုင်းရဲ့ မွေးရာပါသမိုင်းပေးတာဝန်ပဲဖြစ် . . .**

မိမိကို ပေးအပ်လာတဲ့တာဝန်တွေ ကျေပွန်အောင် ဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာကြံ့ခိုင်နေဖို့လည်း လိုအပ်တယ်။ ဒါကြောင့် နေ့စဉ်ပုံမှန်လုပ်ဆောင်ရမယ့် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန်လုပ်ဆောင်ကြဖို့လိုသလို ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်တဲ့ အရက်၊ ဆေးလိပ်နဲ့ ကွမ်း သုံးစွဲခြင်းတွေကို ရှောင်ရှားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

မျက်မှောက်ခေတ်ကာလရဲ့ တိုးတက်လာတဲ့ နည်းပညာနဲ့ ခေတ်မီစစ်လက်နက်ပစ္စည်းတွေဟာ စစ်မှုရေးရာတွေကို ပြောင်းလဲလာစေပြီး ပထဝီဝင် ကန့်သတ်ချက်တွေကိုပါ ကျော်လွန်လုပ်ဆောင်နိုင်နေပြီဖြစ်တယ်။ ယခင်က လူ၊လက်နက်အင်အားနဲ့ သမားရိုးကျစစ်နည်းဗျူဟာစတာတွေကိုအခြေခံခဲ့တဲ့ စစ်မြေပြင်ကနေ

**စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၁ မှအဆက်**

ယနေ့ခေတ်မှာတော့ **ဒရုန်းကဲ့သို့ နည်းပညာမြင့် စစ်လက်နက်ပစ္စည်းများလွှမ်းမိုးလာတဲ့အပြင် ဉာဏ်ရည်တုနည်းပညာ(AI)၊ ဆိုက်ဘာ၊ အာကာသနဲ့ သတင်းအချက်အလက်ကဲ့သို့ စစ်ဆင်မှုနယ်ပယ်များ ပိုမိုကျယ်ပြန့်လာ**တာကိုလည်းတွေ့ရှိရတယ်။ တစ်နည်းအားဖြင့် လေကြောင်းအကဲသာမှု၊ အီလက်ထရောနစ် နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများ ခေတ်မီကောင်းမွန်မှုနဲ့ ထိရောက်တိကျမှုတို့ဟာ စစ်ပွဲရဲ့အနိုင်အရှုံးကို အဓိကအဆုံးအဖြတ်ပေးလျက်ရှိတယ်။ နည်းပညာတိုးတက်လာမှုနဲ့အတူ ပြောင်းလဲကျင့်သုံးလာတဲ့ စစ်နည်းဗျူဟာတွေနဲ့ စစ်လက်နက်ပစ္စည်းတွေကို နားလည်တတ်ကျွမ်းပြီး ကျွမ်းကျင်စွာအသုံးချနိုင်ဖို့ ပညာရည်မြင့်မားနေဖို့လိုတယ်။

**ခေတ်မီတပ်မတော်တည်ဆောက်ရာမှာ ပညာရည်မြင့်မားရေးဟာ လွန်စွာအရေးကြီး**တာကြောင့် တပ်မတော်အနေနဲ့ အရာရှိ၊ စစ်သည်အားလုံးရဲ့ ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိတယ်။

တစ်ဖက်မှာလည်း ရဲဘော်တို့အနေနဲ့ သင်ကြားပေးလိုက်တဲ့ အတတ်ပညာတွေကို လက်တွေ့ဘဝနဲ့ပေါင်းစပ်ပြီး မိမိကိုယ်ကို အမြဲတိုးတက်နေအောင် လုပ်ဆောင်နေကြရမယ်။ ဗဟုသုတရရှိမယ့် စာပေတွေကိုဖတ်ရှုပြီး အသိဉာဏ်ပညာတွေ ကြွယ်ဝလာအောင် ကြိုးပမ်းအားထုတ်နေဖို့လိုအပ်တယ်။ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမယ့် အသိပညာနဲ့ အတွေးအမြင်ဆိုင်ရာ စာပေတွေကိုလည်း လေ့လာဖတ်ရှုသွားရမှာဖြစ်တယ်။

**အတတ်ပညာက လူတော်ဖြစ်စေနိုင်ပြီး အသိပညာက လူကောင်းဖြစ်စေနိုင်**တာကြောင့် လူတော်လူကောင်းများ ဖြစ်လာစေဖို့ အတတ်ပညာရေး၊ အသိပညာများပါ ကြွယ်ဝလာစေရန် ကြိုးစားလုပ်ဆောင်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

**တပ်မတော်ရဲ့ အဓိကတာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ဒီတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ဖို့ဆိုရင် ရဲဘော်တို့မှာ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံနေဖို့ လိုအပ်**တယ်။ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံနေမှသာလျှင် ပေးအပ်တဲ့ အမိန့်နဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှာဖြစ်တယ်။ **စွမ်းရည်သုံးရပ်လုံးဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေပြီး အုပ်ချုပ်ရေးစွမ်းရည်ကောင်းမွန်လာတာနဲ့အမျှ စစ်ရေးစွမ်းရည်တိုးတက်လာနိုင်သလို စည်းရုံးရေးစွမ်းရည်ကိုလည်း ပိုမိုကောင်းမွန်လာစေမှာဖြစ်**တယ်။ ဒါကြောင့် **ရဲဘော်တို့အနေနဲ့ စစ်တက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ စာပေပညာ၊ စစ်ပညာတွေကို အခြေခံပြီး စွမ်းရည်သုံးရပ်နဲ့ပြည့်စုံတဲ့ အရာရှိကောင်းတွေဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်း**မှာကြားလိုတယ်။

**ရဲဘော်တို့**

**၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဆိုးရွားစွာ ပြုလုပ်ခဲ့တဲ့ မဲမသမာမှုတွေကြောင့် တပ်မတော်က အမျိုးသားနိုင်ငံရေးတာဝန်တွေကို ထမ်းဆောင်ခဲ့ရချိန်မှာ** အကြမ်းဖက် NUG၊ CRPH အဖွဲ့တွေက တပ်မတော်အနေနဲ့ ဒီမိုကရေစီ နောက်ပြန်ဆွဲ လုပ်ဆောင်နေသယောင် ဝါဒမှိုင်းတိုက်ပြီး လူငယ်လူရွယ်တွေကို လှဲမှားတဲ့ မျှော်လင့်ချက်တွေနဲ့အတူ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ဆီ တွန်းပို့ခဲ့ကြတယ်။ **လက်နက်ကိုင်လမ်းစဉ်တွေကြောင့် မျှော်မှန်းတည်ဆောက်နေတဲ့ ပြည်ထောင်စုကြီးအတွက် လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုတွေဖြစ်ပေါ်ခဲ့**ရတယ်။ ဒီလိုလက်နက်ကိုင်လမ်းစဉ်နဲ့ ဖြေရှင်းတဲ့ ကြိုးပမ်းမှုဟာ နှစ်ပေါင်း ၇၀ ကျော်ကြာတဲ့အထိ မည်သည့် ရလဒ်မျှ မထွက်ခဲ့တာကို သင်ခန်းစာယူဖို့လိုသလို ဒီမိုကရေစီ နောက်ပြန်ဆွဲခြင်းဟာ လက်နက်ကိုင်လမ်းစဉ်ကြောင့် ဖြစ်တယ်ဆိုတာ အမှန်တိုင်းရှုမြင်ဖို့ အချိန်ကျနေပြီဖြစ်တယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ရည်မှန်းချက်တူကြရင် **ပြည်ထောင်စုအကျိုးကို ရှေးရှုပြီး PDF အပါအဝင် လက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ဥပဒေဘောင်အတွင်းဝင်ရောက်လာဖို့ နိုင်ငံတော်က ကြိုဆိုဖိတ်ခေါ်**ထားပြီးဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုတယ်။

တစ်ဖက်မှာလည်း ဒီနိုင်ငံရေးဖြစ်စဉ် အကြောင်းတရားတွေကို လက်ညှိုးထိုးပြီး NCA မှာ လက်မှတ်ရေးထိုးခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ဟာ ရှိထားပြီးသား ကတိကဝတ်တွေကို ချိုးဖောက်ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းကို သွေဖည်မှု ပြုလုပ်ခဲ့ကြတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေအပေါ် အခြေခံပြီး တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးမူဝါဒ ခြောက်ချက်ကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းထားပြီးဖြစ်တယ်။ **ငြိမ်းချမ်းရေးဆိုတာ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမှသာ ရရှိနိုင်မှာဖြစ်လို့ ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါဖြစ်ချင်တာတွေကို ပြောဆိုနေမယ့်အစား ဖြစ်သင့်တာတွေကိုပြောဆိုပြီး ဖြစ်နိုင်တာတွေကို ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်**သွားကြရမှာဖြစ်တယ်။ လက်တွေ့ကျပြီး အောင်မြင်ခိုင်မာတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူလူထုရဲ့ ကောင်းကျိုးကို ရှေးရှုဆောင်ရွက်နိုင်မှာဖြစ်ကြောင်း အသိပေးပြောကြားလိုတယ်။

**ရဲဘော်တို့**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၃၉ မှာ **"နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"** လို့ ပြဋ္ဌာန်းထားတယ်။ ဒို့နိုင်ငံရဲ့ ကာကွယ်ရေးရည်မှန်းချက်တာဝန်ထဲမှာလည်း **"နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတွင် ပြည်ပအမှီအခိုကင်းစွာဖြင့် ပြည်တွင်းအင်အားစုများကို အခြေခံ၍ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ခေတ်မီပြည်သူ့ကာကွယ်ရေးစနစ်ကြိုးပမ်းဖော်ဆောင်ရန်"** လို့ ဖော်ပြပါရှိတယ်။ **လက်ရှိပထဝီနိုင်ငံရေးအခြေအနေနဲ့ဖြစ်ပျက်နေတဲ့ နိုင်ငံတကာအခြေအနေတွေအပေါ်မူတည်ပြီး ဒို့နိုင်ငံအပါအဝင် နိုင်ငံငယ်တွေရဲ့ ကာကွယ်ရေး၊ လုံခြုံရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟာ ပြည်သူတစ်ရပ်လုံးပါဝင်တဲ့ အင်အားစုများနဲ့ တည်ဆောက်သွားမှသာ ခိုင်မာမှုရှိမှာဖြစ်**တယ်။ **ဒို့နိုင်ငံရဲ့ ကာကွယ်ရေးမဟာဗျူဟာအနေနဲ့ ပြည်သူများပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ကျင့်သုံးနေတာကြောင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအပေါ် ထိပါးနှောင့်ယှက်လာတဲ့ ရန်စွယ်မှန်သမျှ တပ်မတော်ကို မဏ္ဍိုင်ပြုထားတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းအားတွေနဲ့ တွန်းလှန်ချေမှုန်းသွားကြရမှာက နိုင်ငံသားတိုင်းရဲ့ မွေးရာပါသမိုင်းပေးတာဝန်ပဲဖြစ်**ကြောင်း လေးလေးနက်နက် ပြောကြားလိုတယ်။

**ရဲဘော်တို့**

မကြာမီရက်ပိုင်းအတွင်းမှာပဲ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်တယ်။ ရွေးကောက်ပွဲကျင်းပရာမှာ နိုင်ငံရေးပါတီများ တရားမျှတစွာပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်နည်းဥပဒေများကို အသစ်ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်တယ်။ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကိုလည်း နိုင်ငံတော်ကနေ အချိန်နဲ့တစ်ပြေးညီ ဖော်ပြပေးလျက်ရှိတယ်။

ယခုကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ ဥပဒေနဲ့အညီ မဲပေးခွင့်မရှိသူများမှအပ ကျန်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာ ဆန္ဒမဲပေးကြရမှာ ဖြစ်တယ်။ မိမိတို့ **ရွေးချယ်မယ့် ရွေးကောက်ခံကိုယ်စားလှယ်များဟာ နိုင်ငံရဲ့အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူနဲ့ နိုင်ငံကောင်းအောင်ဆောင်ရွက်နိုင်မယ့်သူတွေဖြစ်ဖို့လို**အပ်တယ်။ ပါတီစုံဒီမိုကရေစီဖြစ်တာနဲ့အညီ နိုင်ငံရေးပါတီများ၊ လွတ်တော်ကိုယ်စားလှယ်လောင်းများအနေနဲ့ တရားမျှတစွာ ဝင်ရောက်ယှဉ်ပြိုင်ကြဖို့ အသိပေးပြောကြားလိုတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်ပွင့်လင်းပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ဘက်ပေါင်းစုံက ကြိုးပမ်းလုပ်ဆောင်နေချိန်မှာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့က ရွေးကောက်ပွဲကို အဟန့်အတားဖြစ်စေရေး နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်နေကြတာကို သတိပြုကြရမှာဖြစ်တယ်။ ရွေးကောက်ပွဲမှာ **ပြည်သူ့ဆန္ဒမဲနဲ့ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ဖြစ်ပေါ်လာခဲ့ရင် လက်ရှိနိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ အဖျက်အမှောင့် အကြမ်းဖက်သမားတွေအနေနဲ့ သူတို့ရှေ့ဆက်ရပ်တည်ဖို့ ခက်ခဲလာနိုင်တာကြောင့် ရွေးကောက်ပွဲကို အနှောင့်အယှက်ဖြစ်အောင် အခုလိုလုပ်ဆောင်နေကြခြင်းဖြစ်**တယ်။ ဒါကြောင့် အဲ့ဒီအဖျက်အမှောင့်သမားတွေရဲ့ လုပ်ဆောင်ချက်တွေကိုတားဆီးကာကွယ်ပြီး ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ရဲဘော်တို့အနေနဲ့ ပြည်သူလူထုနဲ့ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးကနေ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့

- တာဝန်ကျရာ တပ်အသီးသီးမှာ ပေးအပ်လာတဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ရင်း **သစ္စာ၊ သူရ၊ သိပ္ပ** အရာမှာ စံတင်ဂုဏ်ပြုထိုက်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- ရဲဘော်တို့အနေနဲ့ ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ပြီး အခက်အခဲအကျပ်အတည်းနဲ့ ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်းမှာ မှတ်ကျောက်အတင်ခံနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** ဆိုတဲ့အတိုင်း စည်းကမ်းနဲ့ဥပဒေကို လေးစားလိုက်နာတတ်တဲ့ တပ်မတော်သားကောင်းများဖြစ်အောင် ကြိုးစားနေထိုင်ကြပါ။
- ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိအောင် တပ်မတော်က ဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေမှန်တွေကို တိုင်းရင်းသားပြည်သူအားလုံး သိမြင်လာအောင် ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။

## ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆေးရုံတက်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရ



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

ဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ထူးခြားသည့် ညအပူချိန်များ

(၃ - ၁၂ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| နမ့်စန် | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်ကော် | ၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျိုင်းတုံ | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

# ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းဗိုလ်လောင်းများကို ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနား ကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီကို ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (ဗဟို)

# ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် ၆၆ ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၃

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် ၆၆ ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရွှေတြိဂံဂေါက်ကလပ်၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါက်သီးရိုက်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်လူမှုရေးရာ ဝန်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ၆၅ ကြိမ်မြောက် ကမ္ဘောဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၌ တံခွန်စိုက်ဖလားရရှိထားသော အောင်ပန်း မြို့နယ်အသင်းမှ တံခွန်စိုက်ဆုဖလားကို ပြိုင်ပွဲကျင်းပရေးကော်မတီသို့ ပြန်လည်အပ်နှံရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ ၎င်းနောက် တိုင်းမှူးနှင့်ပြည်နယ်ဝန်ကြီးများက ကျင်းအမှတ်(၁)မှ Smoke Ball ဂေါက်သီးရိုက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ပြိုင်ပွဲကို ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ၂၀ မှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၅၂ သင်း၊ အမျိုးသမီးအသင်း ကိုးသင်းတို့မှ အားကစားသမား စုစုပေါင်း ၃၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟို)



ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် ၆၆ ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်စဉ်။

# စစ်တက္ကသိုလ်၏ အကြိမ် ၇၀ မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

စစ်တက္ကသိုလ်၏ အကြိမ် ၇၀ မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး၊ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်သိန်းလွင်၊ စစ်တက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များနှင့် ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။



စစ်တက္ကသိုလ်၏ အကြိမ် ၇၀ မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပစဉ်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။ ဆက်လက်၍ ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့၊ စီးပွားရေးပညာဘွဲ့၊ သိပ္ပံဘွဲ့၊ ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူတို့ကို သက်ဆိုင်ရာ ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများကို ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့်ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

၎င်းနောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

စစ်တက္ကသိုလ်အနေဖြင့် ပထမအကြိမ်ဘွဲ့နှင်းသဘင်မှ ယခုအကြိမ် ၇၀ မြောက် ဘွဲ့နှင်းသဘင်ထိ ကျောင်းဆင်းအရာရှိပေါင်း ၃၄၃၆၅ ဦးကို အခြေခံဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးပညာပေးဟောပြော၊ ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်း မြို့နယ် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့သို့ရောက်ရှိရာ နယ်မြေခံတပ်မှ အရာရှိစစ်သည်၊မိသားစုများ၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ သွားနှင့်ခံတွင်းပါရဂူက "သွားပိုးစားရောဂါ"အကြောင်းကို လည်းကောင်း၊ ကလေးရောဂါကုပါရဂူက "တစ်သက်တာကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များ"ကိုလည်းကောင်း အဆိုပါကျောင်း၌ ဟောပြောဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တာဝန်ရှိသူများက ကိုကိုးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများအတွက် သန်ချဆေးနှင့်အားဆေးများ၊ သွားတိုက်ဆေးများကို ပေးအပ်ကြပြီး





တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူ ၂၃၆ ဦးကို ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများအပေါ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"အခုလိုမျိုး ကျွန်မတို့ကျောင်းကို ဟောပြောပွဲလာရောက်ပြီးတော့လုပ်ဆောင်ပေးတဲ့အတွက် အများကြီးလဲ ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအတွက်ရော ဆရာ၊ဆရာမတွေအတွက်ရော အများကြီးအသိပညာတွေရရှိတယ်ပေါ့နော်။ ပြီးတော့ ကလေးတွေအတွက်လဲ သွားတိုက်တာနဲ့ ပတ်သက်ပြီးတော့လဲ သွားကို သူတို့စနစ်တကျ ဘယ်လိုမျိုးတိုက်ရမလဲဆိုတာကိုလဲ သိရှိသွားတယ်။ ပြီးတော့ အစာအုပ်စု သုံးစုနဲ့ ပတ်သက်ပြီးတော့လဲ သူတို့ဘယ်လိုလေးတွေ နေထိုင်စားသောက်ရမလဲဆိုတာကို သိရှိသွားတယ်ပေါ့နော်။အဲ့အတွက်ကြောင့် မို့လို့လဲ ကျေးဇူးတင်ပါတယ်။ အခုလိုမျိုး ကျွန်မတို့ဆီကိုလဲ နှစ်စဉ်နှစ်တိုင်းပဲဖြစ်ဖြစ် လာရောက်ပြီးတော့ အမြဲတမ်းဟောပြောပေးရင်တော့ အများကြီးကျေးဇူးတင် ဂုဏ်ယူမိမှာပါရှင့်"ဟု ပြောသည်။

"ရှေ့က ဘဘကြီးတစ်ယောက်ပြောသွားတာတော့ သွားကိုစနစ်တကျ တိုက်ရမယ်။ ပြီးတော့ တစ်ကိုယ်ရေသန့်ရှင်းမှုလဲရှိရမယ်။ နောက်တစ်ယောက်ပြောသွားတာကတော့ ကျွန်တော်တို့ အစာအုပ်စု သုံးစုလဲ ပါဝင်အောင်စားရမယ်။ အသားငါးအုပ်စုပါရမယ်။ အသီးအရွက်အုပ်စုပါရမယ်။ ပြီးရင် ပဲမျိုးစုံလဲစားရမယ်လို့ပြောပါတယ်။ကျွန်တော်တို့ကျောင်းကို အခုလိုမျိုးလာပေးတဲ့အတွက် ကျေးဇူးလဲတင်ပါတယ်၊ ဝမ်းလဲသာရပါတယ်။ ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူတွေနဲ့ ဆရာ၊ ဆရာမတွေ အကုန်လုံးလဲ အသိပညာတွေရရှိလိုက်ပါတယ်။ နောင်လဲ ဒီလိုအခွင့်အရေးမျိုးတွေရှိရင်လာလုပ်ပေးပါ။ကျောင်းအတွက်လဲအကျိုးပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။ (၅၀၁)

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါတပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ရွာသစ်ကျေးရွာ သီရိမင်္ဂလာမိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၄ ဦး၊ ခွဲစိတ်ရောဂါ ၂၁ ဦး၊သားဖွားမီးယပ်ရောဂါ ၃၁ ဦး၊ ကလေး ရောဂါ ၃၂ ဦး၊ အရိုးရောဂါ ၄၈ ဦး၊





နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၉ ဦး၊ မျက်စိ ရောဂါ ၄၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၁ ဦး စုစုပေါင်းဒေသခံပြည်သူ ၃၆၁ ဦး တို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ သွားနုတ်၊ သွားဖာ ၁၆ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၂ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေး လူနာ ၂၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

"ဒေါ်ကျင်မုန်းပါ လှိုင်းဘုန်းရွာကလာပြတာပါ။ အသက်က ၈၅ နှစ်ရှိပါပြီ။ ကျွန်မ မျက်စိရောဂါလာပြတာပါ။ ရေတိမ်၊ အတွင်းတိမ်လာပြတာပါ။ ပြီးတော့ ခါးဆစ်တွေနာလို့ လာပြတာပါ။ မျက်စိကတော့ ၁၀ နှစ်၊ ၁၅ နှစ်လောက်ရှိပါပြီ။ ခါးကတော့သုံးလေးနှစ်လောက်ရှိပါပြီ။ ဒီမှာလာတာဆိုလို့ရှိရင် ဒီတစ်ခါနဲ့ဆို နှစ်ခါရှိပါပြီ။ ဆေးသဘော်လာတာ ကျေးဇူးတင်ပါတယ်။ လူတွေလဲအများကြီးကုသပေးပါတယ်။ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ အိမ်တိုင်ရာရောက်လာကုသပေးတော့ ပိုကောင်းတာပေါ့လေ မေတ္တာနဲ့လာကုသပေးကြတာဆိုတော့ ပိုကောင်းတာပေါ့လေ။ ကျေးဇူးအများကြီးလဲတင်ပါတယ်။ မိလိုဖလိုပေါ့လေ သားသမီးတွေကပြုစုတဲ့အနေနဲ့ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

"ကျွန်မနာမည်က ဒေါ်သက်သက်မွန်ဖြစ်ပါတယ်။ ကျွန်မကတော့လိပ်ချောင်းကျေးရွာကနေလာတာပါ။ ဒူးခေါင်းနာလို့



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ဆေးလာပြတာပါ။ ထိုင်တာထတာ မကောင်းဘူးပေါ့နော်။ အဲ့လိုမျိုးနာကျင်တဲ့ ဒဏ်ကိုခံစားရတယ်။ အဲ့ဒါကြောင့်မို့လို့ လာပြတာ။ ဒီဆေးကုသတဲ့အဖွဲ့တွေလာတော့ ပျော်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြဖူးတဲ့လူတွေကလဲပြောတယ်။ တော်တော်လေးကိုကောင်းတယ်တဲ့။ ဒူးခေါင်းနာတဲ့ အစ်မဆိုလဲ သူလာပြတာ ကောင်းတယ်လို့ပြောတယ်။ ပျောက်လဲ ပျောက်တယ်လို့ ပြောတယ်။ အဲ့ဒါကြောင့်မို့လာပြဖြစ်တာ ပိုပြီးတော့တတ်ကျွမ်းတယ်လို့ထင်တယ်။ ပြီးတော့ ဆေးကုသတဲ့နေရာမှာလဲ သဘောလဲကောင်းတယ်။ အဲ့ဒီအတွက်လဲ ကျေးဇူးတင်တယ်။ ပြီးတော့ပြရတဲ့နေရာမှာလဲ အဆင်ပြေပါတယ်။ တော်တော်လေးအဆင်ပြေတယ်။ လာပြီးတော့ ဆေးကုသပေးတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ်။ နောက်လူတွေလဲ ကျွန်မတို့လိုပဲ ကျေးဇူးတင်မယ်၊ ပျော်ရွှင်မယ်လို့ထင်ပါတယ်။ နောက်နေ့တွေလဲ လာပြမယ့်သူတွေ အများကြီးရှိပါသေးတယ်"ဟု ပြောသည်။ (၅၀၁)

# ကချင်ပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃

ကချင်ပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ မလိခခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ကချင်ပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားများ ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်က စစ်ဆေးတွေ့ရှိချက်များအပေါ် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြဆွေးနွေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲပေးခြင်းသည် နိုင်ငံသားများ၏ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲပေးပိုင်ခွင့်အခွင့်အရေး ပြည့်ဝစွာရရှိရေး၊ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ဒေသခံပြည်သူများ မဲစာရင်းမှန်ကန်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိရေးအတွက် မြေပြင်တစ်အိမ်တက် တစ်အိမ်ဆင်း၍ လိုက်လံကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ရေအေးကွင်းရပ်ကွက်၊ မင်္ဂလာဦးရပ်ကွက်နှင့် ညောင်ဖြူစခန်းရပ်ကွက်တို့၌လည်းကောင်း၊ နန့်စန်မြို့ရှိ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့၌လည်းကောင်း၊ ခိုလမ်မြို့ရှိ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်တို့၌ လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၂၉၃ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၆၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ရွှေကုက္ကိုလ်ကျေးရွာ စစ်ဆေးပြီးအဆောက်အအုံ အကွက်ချမြေပုံ




နေပြည်တော် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် မြဝတီ-မယ်ထော်သလေး (KK Park) နယ်မြေတို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းနှင့် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၂၉၃ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မယ်ထော်သလေး (KK Park) အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ နှစ်လုံး၊ သုံးထပ် အဆောက်အအုံ တစ်လုံး၊ လေးထပ် အဆောက်အအုံ နှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ငါးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့ထိ ၁၄၅ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၉၃ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့ထိ အဆောက်အအုံ ၃၈၃ လုံးကိုစစ်ဆေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရကြောင်း၊ အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးချမှု မရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ တရားမဝင် အဆောက်အအုံ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် အဆိုပါတရားမဝင်အဆောက်အအုံများအနက် ယနေ့တွင် ဟုံထု ၁၃ ထပ်အဆောက်အအုံတစ်လုံးကို စတင်၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာအလုံး ၃၃၁၀၊ မိုဘိုင်းဖုန်း အလုံး၂၁၈၇၀၊ Star Link ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၅၆ ဦးနှင့် ပါကစ္စတန်နိုင်ငံသား ၁၁ ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ဦးရေ ၃၆၀ တို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၃ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၉၆၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၈၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိကြောင်း သိရသည်။





ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။





တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများရှိ အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဖဝ၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပေါ်ဆန်းမွှေးဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ပေါ်ဆန်းမွှေး ဆန် ၂၄ ပြည်ဝင် အိတ်ရေအများ အပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပေါ်ဆန်းမွှေးဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ အတွင်း ပေါ်ဆန်းမွှေးဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ မအူပင်မြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ပေါ်ဆန်းမွှေး ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိ ဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ ပေါ်ဆန်းမွှေးဆန်တွေ အဝယ်လိုက်နေပါတယ်"ဟု မအူပင်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ပေါ်ဆန်းမွှေးဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ တင်ပို့အားကောင်းနေခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေဖြူမြို့နယ် ရေပုံးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေဖြူ ဒီဇင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်ရုပ်ကျေးရွာအုပ်စု ရေပုံးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဦးအောင်နှင့် ဝန်ထမ်းများက ရေပုံးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အစုအဖွဲ့လေးဖွဲ့မှ ဝဥစိုက်ပျိုးရေးလုပ်ငန်း၊ စက်ချုပ်လုပ်ငန်းနှင့် CP ဝက်မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက RBF အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေပုံးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် ဝဥစိုက်ပျိုးရေးလုပ်ငန်း၊ စက်ချုပ်လုပ်ငန်းနှင့် CP ဝက်မွေးမြူရေး လုပ်ငန်းဆောင်ရွက်နေသည့် အစုအဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ရန်ပုံငွေကျပ် ၇၅ သိန်းစီဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း ရေဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မုံရွာ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၈၃ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ မတ်ပဲစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ၈၇၅ ကေ၊ အရာတော်မြို့နယ်တွင် ၄၉ ကေ၊ ချောင်းဦးမြို့နယ်တွင် ၁၂၅၉ ကေ စုစုပေါင်း ၂၁၈၃ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၀ တင်းကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မတ်ပဲ ၂၁၈၃ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ အခုလက်ရှိ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# သနပ်ပင်မြို့နယ် မင်းရွာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းရွာကျေးရွာအုပ်စု မင်းရွာကျေးရွာ၌ သတ္တမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂ ရက် က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် ဝန်ထမ်းများက VRFP စီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၃၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် VRFP စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၃၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ်သိန်း ၁၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၉၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို VRFP စီမံကိန်း ရန်ပုံငွေ ငွေကျပ် သိန်း ၄၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# မိုင်းဖြတ်မြို့နယ် အင်ပါကူ(အင်ပါဆန်း)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အင်ပါကူ(အင်ပါဆန်း)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အင်ပါကူ(အင်ပါဆန်း)ကျေးရွာ၌ အရှည် ပေ ၁၀၅၆၀ ရေပိုက်သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၂၈ သန်းဖြင့် စောမွန်သစ် ကုမ္ပဏီက ယခုနှစ် စက်တင်ဘာလပထမပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**



# မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဖေပြီ ၁၇ ရက်ထိ ကျင်းပမည်


ယခင်နှစ်က မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို တွေ့ရစဉ်။

**မင်းဘူး ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဖေပြီ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောပြ၍ သိရသည်။

မန်းရွှေစက်တော်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှစတင်ကာ မြန်မာနှစ်ဆန်း တစ်ရက်နေ့ထိ အစဉ်အလာအပျက် ကျင်းပလေ့ရှိပြီး ယခုနှစ်တွင် ရက်ပေါင်း ၈၆ ရက်ကြာ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီထံမှ သိရသည်။

"မန်းရွှေစက်တော်ဘုရားရဲ့ ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီလိုကျင်းပနိုင်ဖို့ ပင့်သံဃာဆရာတော်တွေနဲ့ ဌာနဆိုင်ရာတွေကို ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေးနဲ့ဝေယျာဝစ္စလုပ်ငန်းတွေ၊ ဘုရားပွဲတော်မုခ်ဦးနဲ့ ဖွင့်ပွဲအခမ်းအနားပြင်ဆင်ရေး၊ဘုရားပွဲမြေနေရာ(မန်းချောင်းသောင်ပြင်)ပြင်ဆင်ဖို့၊ အဆောက်အအုံ၊ အထူးတံတား၊ ဈေးဆိုင်ခန်း၊ တည်းခိုဆောင်တွေ နေရာချထားရေးနဲ့ ပွဲတော်နဲ့ပတ်သက်တဲ့တင်ဒါ၊ လေလံခေါ်ယူရောင်းချရေးလုပ်ငန်းတွေ၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ သတင်းနှင့်ပြန်ကြားရေး၊ ဘုရားပွဲတော်လုံခြုံရေးစသည့်ကဏ္ဍအလိုက် စတင်လုပ်ဆောင်နေကြပြီဖြစ်ပါတယ်"ဟုဦးအေးကိုကပြောပြသည်။

မန်းရွှေစက်တော်ဘုရား ပွဲတော်ကာလတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာရောက်ကြသူများ အဆင်ပြေစေရန် တည်းခိုဆောင်အလုံးပေါင်း ၈၀၀ ခန့်နှင့် ဈေးဆိုင်ခန်းပေါင်း ၄၀၀ ခန့်ကို ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ဘုရားဖူးများကို ညအိပ်တည်းခိုခွင့်ပြုမည်ဖြစ်ကြောင်း၊ မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ ဆင်ပြတိုက်ရှိသည့် ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းကိုလည်း ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# Chasing Red အချစ်ဇာတ်ကား၌ ဂါဗင်းကာဆာလီဂနို၊ မက်ဒလင်ပက်တို့ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၃**

Chasing Red အမည်ရှိ လူငယ်အချစ်ဇာတ်ကား၌ မင်းသား ဂါဗင်းကာဆာလီဂနို၊ မင်းသမီး မက်ဒလင်ပက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂ ရက်သတင်းများအရ သိရသည်။

Chasing Red ဇာတ်ကားတွင် စာရေးဆရာ အစ္စဘဲလာရိုနင်၏ Chasing Red အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ မက္ကဇီမန်ရိုးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ လော်ရန်စကတ်ချာက ရေးသားပေးထားသည်။

အဆိုပါ ဇာတ်ကားသည် ကောလိပ်ကျောင်းတစ်ကျောင်းမှ ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း၊ အဆိုပါဇာတ်ကားကို Mister Smith Entertainment ကုမ္ပဏီက ကမ္ဘာ့ဈေးကွက်၌ ဖြန့်ချိမည်ဖြစ်သည်။

**Ref : Russia Today**

**Trs : KKO**



# တေးသံရှင် မျိုးကျော့မြိုင်၊ စည်သူလွင်တို့၏ Greenfield Concert တေးဂီတဖျော်ဖြေပွဲကို ဗဟန်းမြို့နယ် The Round House Royal Kandawgyi Hotel ၌ ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၃**

တေးသံရှင် မျိုးကျော့မြိုင်၊ စည်သူလွင်တို့၏ Greenfield Concert တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် The Round House Royal Kandawgyi Hotel ၌ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါတေးဂီတဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေသီဆိုမည့်တေးသံရှင် မျိုးကျော့မြိုင်က ပြောပြ၍ သိရသည်။

Greenfield Concert တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို New Direction Band တေးဂီတအဖွဲ့၏ အကောင်းဆုံး ပံ့ပိုးတီးခတ်မှုများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။




"ဒီဇင်ဘာ ၁၂ ရက် ညမှာ ကျင်းပမဲ့ The Round House Royal Kandawgyi Hotel ရဲ့ Greenfield Concert တေးဂီတဖျော်ဖြေပွဲမှာ တေးသံရှင် စည်သူလွင်နဲ့အတူ သီဆိုသွားဖို့ရှိပါတယ်။ ကျွန်တော်တို့နဲ့အတူ New Direction Band တေးဂီတ အဖွဲ့ကလဲ အကောင်းဆုံးပါဝင်ပံ့ပိုးပေးသွားမှာပါ"ဟု တေးသံရှင် မျိုးကျော့မြိုင်က ပြောပြသည်။

တေးသံရှင် မျိုးကျော့မြိုင်၊ စည်သူလွင်တို့၏ Greenfield Concert တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၂ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ဒစ္စနီးကုမ္ပဏီ၏ Zootopia-2 ဇာတ်ကား ယခုနှစ်၏ ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာ

**နယူးယောက် ဒီဇင်ဘာ ၃**

ဒစ္စနီးကုမ္ပဏီ၏ Zootopia–2 ကွန်ပျူတာအန်နီမေးရှင်းရုပ်ရှင်ဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၅၆ သန်းထိ ရရှိထားကြောင်း ဒီဇင်ဘာ ၂ ရက်သတင်းများအရ သိရသည်။

အထက်ပါဝင်ငွေအတိုင်းအတာအရ Zootopia–2 ဇာတ်ကားသည် ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ခဲ့သမျှ ရုပ်ရှင်ဇာတ်ကားများအနက် ကမ္ဘာတစ်ဝန်းဝင်ငွေ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဖြစ်လာခဲ့ရသည်။

ဒစ္စနီးကုမ္ပဏီသည် Zootopia–2 ဇာတ်ကားကို နိုဝင်ဘာ ၂၆ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားသည် နိုင်ငံတကာဈေးကွက်၌ ရုပ်ရှင်ဈေးကွက်တစ်ခုတည်းမှာပင် အမေရိကန်ဒေါ်လာ ၂၇၂ သန်းထိ ရရှိခဲ့သည်။

Zootopia–2 ဇာတ်ကားသည် Zootopia(2015) အန်နီမေးရှင်းဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ဂျရက်ဘုရှ်နှင့် ဘိုင်ရွန်ဟိုးဝပ်တို့က ရေးသားပေးထားသည်။

Zootopia–2 ဇာတ်ကားပြီးလျှင် ကမ္ဘာတစ်ဝန်းဝင်ငွေ ဒုတိယအကောင်းဆုံးဇာတ်ကားမှာ ယူနီဗာဆယ်၏ Wicked : For Good ဇာတ်ကားဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်ရရှိထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲ Press Show ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၃**

MRTV–4 ရုပ်သံလိုင်းမှ ယနေ့မှစတင်ကာ ထုတ်လွှင့်တင်ဆက်မည့် လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲ Press Show ကို ဒီဇင်ဘာ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Zealax Hotel ၌ ကျင်းပခဲ့ကြောင်း သရုပ်ဆောင် မြတ်သူသူက ပြောပြ၍ သိရသည်။

လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲသစ်၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာမ နီနီနိုင်(သထုံ) ၏ စာပေဗိမာန်စာမူဆုရဝတ္ထုဖြစ်ကာ ဟေမာန်ဟိဏ်း၊ ဟိန်းဇော်ဦး၊ နေမျိုးအောင်တို့က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ တိုးဝေယံလွင်က တာဝန်ယူပုံဖော် ရိုက်ကူးထားကာ Hey Play Application နှင့် Niyyayana Entertainment တို့ပူးပေါင်း ရိုက်ကူး ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက မြတ်သူရဲ့ လေးနှစ်ကြာမှ ပြန်ရိုက်တဲ့ဇာတ်ကားပါ။ အရင်ထဲက အရမ်းကြိုက်တဲ့ဝတ္ထုဖြစ်လို့ တကယ်လို့ရိုက်ကူးဖြစ်ရင် ပါဝင်ချင်တဲ့စိတ်လေး အရမ်းကိုဖြစ်ခဲ့တာပါ။ ဒီဇာတ်ကားရိုက်ဖို့အတွက် တစ်နှစ်လောက်အချိန်ယူခဲ့ရတယ်။ မြတ်သူက အရွယ်သုံးမျိုးပေါ့။ လူငယ်၊ လူလတ်ပိုင်းနဲ့ လူကြီးပိုင်းထိ သရုပ်ဆောင်ထားရပါတယ်။ မြတ်သူနဲ့ အဓိကကာရိုက်တာ လိုက်ဖက်မှုရှိမရှိတော့ ပရိသတ်တွေ ဝေဖန်သုံးသပ်ကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင်မြတ်သူသူက ပြောပြသည်။

လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကောင်းမြတ်စံ၊ ကောင်းဆက်နိုင်၊ ဘုန်းမင်းနေလ၊ မင်းဟိဏ်း၊ ဒေါင်းဝေ၊ သက်ဦးကို၊ အလင်းသစ်၊ အောင်ဖြိုးဟိန်း၊ စိုင်းဇေယျ၊ ကောင်းခန့်စိုး၊ မြတ်သူသူ၊ ဩဂတ်စ်မိုး၊ မေရီမောင်၊ မီကိုခန့်၊ စောလပြည့်ဝန်း၊ ပန်းအိန္ဒြေထက်၊ မြတ်ကေသီအောင်၊ ဒေါ်သန်းနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

ဗွန်ရှေ့ထိုက်

# နိုင်ငံ့ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေး

**❖ ကုန်ထုတ်လုပ်မှု စွမ်းအားတိုးတက်ရေးအတွက် စွန့်ဦးတီထွင်မှုအခန်းကဏ္ဍကိုလည်း မေ့ထား၍မရပေ။ ရှိရင်းစွဲအရင်းအမြစ်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲပေးနိုင်ရေးအတွက် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များ၏စွမ်းအားက အရေးပါလှသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ စွန့်ဦးတီထွင်မှုက နိုင်ငံ၏ကုန်ထုတ်မှုစွမ်းအားအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေသည်။ ရေ၊ မြေ၊ သယံဇာတ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများအနေဖြင့် ရှိရင်းစွဲ မြေသယံဇာတတို့ကို အကျိုးရှိရှိအသုံးချ၍ ကုန်ထုတ်လုပ်မှု စွမ်းအားကို တိုးပွားအောင်ကြိုးစားခြင်း နိုင်ငံ့စီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်နိုင်သည်။ ❖**

နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်သည်ဟု ဆိုရာတွင် အဓိကပြေးမြင်မိကြသည်က စီးပွားရေးပင်ဖြစ်သည်။ စီးပွားရေးအင်အား တောင့်တင်းခိုင်မာသည့်အခါ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် အခြားသောကဏ္ဍများကိုလည်း အကောင်အထည်ဖော်နိုင်သည်။ စီးပွားရေးအင်အားချို့တဲ့နေမှုနှင့်အတူ ပြည်သူလူထု၏ လူမှုစီးပွားဘဝ လိုအပ်ချက်များကလည်း များလာနိုင်သည်။ ထို့ကြောင့် နိုင်ငံအများစုက စီးပွားရေးအင်အားကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်နေကြခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝံ့ကြွား၍ တင့်တယ်လှပစွာရပ်တည်နိုင်ရေးအတွက် စီးပွားရေးကအဓိကသော့ချက်ဟုပင် ဆိုနိုင်သည်။

**ကုန်ထုတ်လုပ်မှုအားပေး**

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းရှိ အရင်းအမြစ်များကို စနစ်တကျအသုံးချကာ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးပွားလာစေရန် ဆောင်ရွက်ကြရမည်။ စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံများကလည်း စိုက်ပျိုးရေးကဏ္ဍထုတ်ကုန်များကို ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပသို့တင်ပို့နိုင်ရေးဆောင်ရွက်ရမည်။ စက်မှုလက်မှုကဏ္ဍတွင်လည်း ခေတ်မီ စက်ပစ္စည်းနှင့် စက်ယန္တရားများ အသုံးပြုနိုင်ပြီး စက်မှုစွမ်းအားဖြင့် နိုင်ငံတော်အတွက် ကုန်ထုတ်စွမ်းအား မြင့်မားလာစေရေးကြိုးစားသင့်သည်။ မိမိနိုင်ငံ၏ ရေမြေသဘာဝနှင့် ပထဝီအနေအထားတို့အပေါ်တွင်မူတည်၍ စီးပွားရေးကိုတည်ဆောက်ကြရသည်။ အဓိကမှာ နိုင်ငံအတွင်းရှိ ရှိရင်းစွဲအရင်းအမြစ်များကို စနစ်တကျအသုံးချတတ်ဖို့သာဖြစ်သည်။

ကုန်ထုတ်လုပ်မှုဆိုသည်မှာ နိုင်ငံအတွင်းရှိ "မြေ၊ လုပ်သား၊ အရင်းအနှီးတို့ကို စနစ်တကျအသုံးချ၍ ကုန်စည်နှင့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ခြင်းပင်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးအတွက် စွန့်ဦးတီထွင်မှုအခန်းကဏ္ဍကိုလည်း မေ့ထား၍မရပေ။ ရှိရင်းစွဲအရင်းအမြစ်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲပေးနိုင်ရေးအတွက် စွန့်ဦးတီထွင်စီးပွားရေး လုပ်ငန်းရှင်များ၏စွမ်းအားက အရေးပါလှသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏စွန့်ဦးတီထွင်မှုက နိုင်ငံ၏ကုန်ထုတ်မှုစွမ်းအားအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေသည်။ ရေ၊ မြေ၊ သယံဇာတ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများအနေဖြင့် ရှိရင်းစွဲ မြေသယံဇာတတို့ကို အကျိုးရှိရှိအသုံးချ၍ ကုန်ထုတ်လုပ်မှုစွမ်းအားကို တိုးပွားအောင် ကြိုးစားခြင်း နိုင်ငံ့စီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်နိုင်သည်။

**မူဝါဒကောင်းများရှိနေ**

စိုက်ပျိုးမြေဧရိယာ ပေါများစွာရှိသည့် နိုင်ငံများအနေဖြင့် စိုက်ပျိုးရေးကဏ္ဍကိုအခြေခံ၍ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုစွမ်းအားကို တိုးတက်အောင် ကြိုးစားဆောင်ရွက်ရန်လိုပေသည်။ စိုက်ပျိုးရေးကဏ္ဍမှပေါ်ထွက်လာသည့် ထုတ်ကုန်များကို နည်းပညာနှင့်ပေါင်းစပ်၍ ကုန်ထုတ်စွမ်းအား တိုးပွားအောင်ဆောင်ရွက်နိုင်သည်။ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုထိရောက်နိုင်ပေသည်။ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကိုဆောင်ရွက်နိုင်ခြင်းဟုပင်ဆိုနိုင်သည်။ ကုန်ထုတ်စွမ်းအား မြင့်မားရေးတွင် လယ်ယာ၊ သားငါး၊ သစ်တော စသည့်ကဏ္ဍစုံတွင် တိုးတက်နေရန်လိုသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဆိုသည့်အချက်တစ်ချက်ပါဝင်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်နေသည့် သဘောပင်ဖြစ်သည်။

နိုင်ငံတော်က ကုန်ထုတ်လုပ်မှုအားပေးရာတွင် လယ်ယာကဏ္ဍမှအစပြု၍ စိုက်ပျိုးရေးကဏ္ဍသွင်းအားစုများကို နိုင်ငံတော်အစိုးရက ဘက်စုံထောင့်စုံမှ ပံ့ပိုးပေးနေသည်။ စိုက်ပျိုးရေးကဏ္ဍကုန်ထုတ်စွမ်းအားမြင့်မား၍ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပသို့တင်ပို့နိုင်သည်ထိ တိုးတက်လာအောင် နိုင်ငံတော်ဘက်မှလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်ကိုလည်းတွေ့ရသည်။ စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်အောင် ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။

**သီးနှံများကို တိုးချဲ့စိုက်ပျိုး**

မြန်မာနိုင်ငံ၏ အခြေခံစားသောက်ကုန်မှာ ဆန်ပင်ဖြစ်သည်။ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့ပင်တင်ပို့ကာ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသည်ကလည်း ဆန်၊ စပါးစိုက်ပျိုးရေးကဏ္ဍကပင်ဖြစ်သည်။ မိမိဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးနိုင်မည်ဆိုပါက တောင်သူလယ်သမားများဝင်ငွေတိုး၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ တစ်နှစ်လျှင် တစ်သီးစိုက်ပျိုးရာမှ နှစ်သီး၊ သုံးသီး စသည်ဖြင့် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်မည်ဆိုပါက ပိုမိုတိုးတက်နိုင်မည်ဖြစ်သည်။ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက နိုင်ငံ၏ ဝင်ငွေလည်းတိုး၍ စီးပွားရေးတိုးတက်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ သီးထပ်သီးညှပ်စိုက်ပျိုးခြင်းဖြင့် နိုင်ငံစိုက်ပျိုးရေးထုတ်ကုန်များ ဆောင်ရွက်ကြရာတွင် တောင်သူလယ်သမားတစ်ရပ်လုံး ပါဝင်ကြရန်လိုသည်။

စပါး အပြင် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ နေကြာ စသည့် သီးနှံများသည်လည်း မြန်မာနိုင်ငံတွင် ကောင်းမွန်စွာ ပေါက်ရောက် အောင်မြင်ဖြစ်ထွန်းကြသည်။

**ဆီထွက်သီးနှံမှသည်**

ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ အပါအဝင် ဆီထွက်သီးနှံမျိုးစုံသည် မြန်မာနိုင်ငံတွင် ကောင်းမွန်စွာ စိုက်ပျိုးဖြစ်ထွန်းသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသော ကုန်ကြမ်းများကို တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်မှပံ့ပိုးပေးလျက်ရှိသည်။ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နှမ်း၊ နေကြာအပါအဝင် ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ်ပြောင်းလဲနိုင်ရေးအတွက် နိုင်ငံတော်က နည်းလမ်းပေါင်းစုံသုံး၍ ဆောင်ရွက်နေသည်။

ဆီထွက်သီးနှံများအပြင် ဝါကဲ့သို့သောကုန်ကြမ်းပစ္စည်းများကလည်း မြန်မာနိုင်ငံတွင် အထူးအောင်မြင်ဖြစ်ထွန်းသည်။ ဝါသီးနှံစိုက်ပျိုးမှုကို နိုင်ငံတော်ဘက်မှလည်း ပံ့ပိုးဆောင်ရွက်ပေးနေသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ဝါသီးနှံစိုက်ပျိုးဖြစ်ထွန်းသည့် အရပ်ဒေသများတွင် ဝါကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ ဝါမှအရည်အသွေးပြည့်ဝသော အဝတ်အထည်နှင့် လူအသုံးဆောင်ပစ္စည်းများထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဝါကုန်ချောပစ္စည်းများကို နိုင်ငံအတွင်းအသုံးပြုပြီး ပိုလျှံပါက နိုင်ငံတကာသို့တင်ပို့နိုင်သည်ထိ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးရှိနိုင်သည်။

**ဘက်စုံထောင့်စုံ**

လူတို့၏ပဓာနလိုအပ်ချက်ဖြစ်သည့် "စား၊ ဝတ်၊ နေရေး"ဆိုသည့် ဘဝအရေးသုံးပါးတွင် အစားအသောက်က ပထမဟုဆိုနိုင်သည်။ အစားအသောက်အတွက် အခြေခံလိုအပ်သည့် ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်စသည်တို့နှင့် ဟင်းသီးဟင်းရွက်အပါအဝင် အသားငါးတို့က မြန်မာမြေတွင် အလွန်ပေါလှသည်။ ထိုစားသောက်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲနေသည့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များလည်း မြန်မာနိုင်ငံတွင်ပေါ်ထွက်လာနေပြီဖြစ်သည်။ ဝါကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်များမှ အဝတ်အထည်ဖြစ်စေသည့် ကုန်ကြမ်းပစ္စည်းများရနိုင်သည်။ ကုန်ကြမ်းမှသည် ကုန်ချောသို့ပြောင်းပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးကြိုးစားကြဖို့လိုသည်။ မြန်မာနိုင်ငံတွင် တိုက်တာအိုးအိမ်တည်ဆောက်ရေးအတွက် ကျွန်းသစ်အပါအဝင် သစ်အမျိုးမျိုးကိုလည်း မြန်မာသစ်တောများက ထုတ်လုပ်ပေးနေသည်။ အစားထိုးကျွန်းစိုက်ခင်းအပါအဝင် သစ်တောစိုက်ခင်းများကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။

ကုန်ထုတ်စွမ်းအား မြင့်မားရေးအတွက် မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုက အရေးပါလှသည်။ ပြည်တွင်းထုတ်ကုန်များကို ထုတ်ကုန်နှစ်ဆတိုးမြှင့်ကြဆိုသည့်အတိုင်း ကြိုးစားပြီး တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ဆောင်ရွက်ရမည်ဖြစ်ကာ ပြည်တွင်းသုံးစွဲ၍ ပိုလျှံသောထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိကာ နိုင်ငံစီးပွားရေးကို ဖွံ့ဖြိုးရေးတွင် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**


## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၆၇၅ ဧက စိုက်ပျိုးပြီးစီး၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ပွင့်ဖြူ ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက် ပျိုးရာသီ၌ ပဲကြီး ၄၆၇၅ ဧကစိုက်ပျိုးပြီးစီးပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၃၇၄၄ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲကြီးစိုက်ပျိုးမှုကို ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် ယခုနှစ်အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲကြီး ၄၆၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲကြီး ၃၇၄၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ၄၆၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားစိုက်ဧကထက် ပိုမိုစိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲကြီးဟာ ဈေးကွက်ဝင်သီးနှံဖြစ်တာကြောင့်တောင်သူတွေက မိုးရာသီနဲ့ဆောင်းရာသီမှာ အားထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ ပဲကြီးစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး ပန်းတိုင်အထွက်နှုန်းနဲ့ သီးနှံအရည်အသွေး ကောင်းမွန်စေဖို့အတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးဖို့ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရန် သဘာဝပိုးသတ်ဆေးပြုလုပ်အသုံးပြုဖို့ စတဲ့ အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ပဲကြီးအပါအဝင် မတ်ပဲ၊ စားတော်ပဲ၊ ပဲကျား၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲနောက်၊ ပဲယဉ်း၊ ထောပတ်ပဲ၊ ပဲပုပ်နှင့်အခြားပဲများကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်၍ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိုင်းယန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မိုင်းယန်း ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မိုင်းယန်းမြို့နယ် ကော်နမ့်ခဲဝမ်မိုင်ကျေးရွာနှင့်ကော်နန့်ခဲကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကော်နမ့်ခဲဝမ်မိုင်ကျေးရွာနှင့် ကော်နန့်ခဲကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၂၂ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ငါးဦးကို ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းထံမှ သိရသည်။

**အောင်ရဲကျော်**

# အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့်ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကိုပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွှတ်လပ်မျှတ၊ မဲပေးကြ"


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm











## အရောင်းဝန်ထမ်း အမျိုးသမီး ၁၀ ဦးအလိုရှိသည်

ပညာအရည်အချင်းမလို၊ လုပ်ငန်းအတွေ့အကြုံမလို၊
အလုပ်လုပ်ချင်စိတ်ရှိရမည်။
နယ်မှ လာရောက်လျှောက်ထားလိုသူများအတွက်
နေထိုင်စားရိတ်စီစဉ်ပေးမည်။
၇၉ လမ်း၊ ၂၇-၂၈ လမ်းကြား၊ 35 CORNER မျက်မှန်ဆိုင်၊
မန္တလေးမြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း ၀၉-၇၅၀၅၆၇၆၉၄**

## ဝန်ထမ်းအလိုရှိသည်

(1) Day Receptionist Male/Female
(2) Night Receptionist Male/Female

လျှောက်ထားသူသည် CV Form၊ ရပ်ကွက်ထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်သည်။ လာမည့်အချိန်ကို ဖုန်းအရင်ကြိုဆက်ပါရန်။

**A.D-1 Hotel**

27(A), Bet 87th x 88th MDY

ph: 09-760280304၊ 09-2009142

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက (၃၄)၊ Grade-12(STEAMS-I) မှ မကေသွယ်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဌေးဌေး ဖြစ်ပါကြောင်း။

ဦးဌေးဌေး
(၉/မရတ(နိုင်)၀၃၂၉၇၇)

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွေ့ကြီးအရှေ့၊ ဦးပိုင်အမှတ်(၅)+၂၀၆+၁၉၈(ခ)ရှိ ဘိုးဘပိုင်မြေကွက်ပေါ်တွင် ဒေါ်အေးအေးနွဲ့(၉/မခန(နိုင်)၀၂၂၉၃၉) ကိုင်ဆောင်သူမှ အလျား ၄၂'-၀"၊ အနံ ၂၀'-၀" RC (၂)ထပ်ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ မြေကွက်အမှတ်(၄၈၊ ၄၆၊ ၂၀) ဦးပိုင်အမှတ်(၃+၂၇)ရှိ ဘိုးဘပိုင်မြေကွက်ပေါ်တွင် ဦးငွေထွန်း(၉/မခန(နိုင်)၀၆၆၉၀၄)ကိုင်ဆောင်သူမှ အလျား ၂၄'-၀"၊ အနံ ၁၆'-၀"၊ အိမ် (၁)ထပ်နှင့် အုတ်ဝန်းခြံအလျား ၃၀'-၀"၊ အမြင့် ၅'-၆"အား ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ လမ်းမတော်ရွာနေ မဇင်လှိုင်နှင့်း (ဘ) ဦးအောင်ဝင်း(၈/ပခက(နိုင်)၃၀၅၅၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-257404445

## သင့်သွေးဖြင့် အသက်ကယ်ပါ

❖ လုပ်သားများ၏ လုပ်ဆောင်မှုကြောင့် ရာသီဥတုပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ကြရန်လို...

❖ ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေးဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေး

## ပြင်ဦးလွင်ဒေသ သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ဆင်လမ်း(၂)ရေလှောင်တမံစီမံကိန်းနှင့် ပင်တီးရေလှောင်တမံစီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စည်သာရေကူရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် သိုလှောင်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံမှုရရှိရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ်လမ်းညွှန်ချက်အရ ပြင်ဦးလွင်မြို့၌ သောက်သုံးရေပိုမိုလုံလောက်စွာရရှိရေး ဆင်လမ်းတမံရေပိုလျှံအားနှစ်ပေမြှင့်တင်ခြင်းဆောင်ရွက်ခဲ့မှု၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ**

စာမျက်နှာ - ၁၈

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဗိုလ်လောင်းများကို ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနား ကျင်းပ**

စာမျက်နှာ - ၂၃


